ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နွေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 2 October 2017 (၉၀၆၅)

# ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန် မီဒီယာနှင့် ရဲတပ်ဖွဲ့ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

"မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဟာ မိမိတို့ရဲ့လုပ်ပိုင်ခွင့်များနဲ့ ဥပဒေကို အသုံးပြုရာမှာ ပွင့်လင်းမြင်သာစွာနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုပြုနိုင်တဲ့ ရဲတပ်ဖွဲ့ဝင်ကောင်းများအဖြစ် ရဲတပ်ဖွဲ့ရဲ့ သမာဓိဂုဏ်သိက္ခာ၊ ပြည်သူလူထုရဲ့ယုံကြည်မှုနဲ့ ဥပဒေနှင့်ညီညွတ်မှုဆိုတဲ့ အချက်သုံးချက်ကို ခိုင်မာအောင်တည်ဆောက်ပြီး နိုင်ငံတော်နဲ့ ပြည်သူကို အကျိုးပြုရတဲ့ မိမိအလုပ်ကို တန်ဖိုးထားဂုဏ်ယူစွာနဲ့ အစဉ်ကြိုးပမ်းလုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်" ဟု ဒုတိယသမ္မတ ဦးမြင့်ဆွေက တိုက်တွန်းပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသည့်အနေဖြင့် ပြည်သူများ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံဂုဏ်ပြုသည့်အနေဖြင့် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့တွင် ပြည်သူများစုပေါင်း၍ လမ်းလျှောက်ပွဲပြုလုပ်ကြသည်။ **(အပေါ်ပုံ)**

"ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ အရေးကိစ္စနဲ့ပတ်သက်ပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ သံတမန်တွေရဲ့ကြားမှာ ထိထိရောက်ရောက်နဲ့ မားမားမတ်မတ် ရပ်တည်နေတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ■

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

# ညီညွတ်သောစွမ်းအားဖြင့် ဖယ်ရှား

နယ်မြေချဲ့ထွင်ခြင်း၊ ကျူးကျော်နယ်ချဲ့ခြင်းတို့ လူ့သမိုင်းအစမှ (၂၀) ရာစု အကုန်အထိရှိခဲ့သည်။ လက်နက်အားကိုး ဗိုလ်ကျစိုးမိုးသည့် အရင်းရှင်နယ်ချဲ့စနစ်သည် ဒုတိယကမ္ဘာစစ်ပြီးဆုံးသောအခါ နိဂုံးကမ္ပတ်အဆုံးသတ်သွားသည်။ စစ်အေးလွန်ကာလ၌ လက်နက်ကိုင်ကျူးကျော်နယ်ချဲ့သည့် စစ်ပွဲများ ထပ်မံမပေါ်ပေါက်အောင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အင်အားကြီးနိုင်ငံများက ကြိုးပမ်းအားထုတ် ထိန်းသိမ်းခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကာလတွင် ဝင်ရိုးတန်းနိုင်ငံတို့၏ ကျူးကျော်မှုကို မဟာမိတ်နိုင်ငံများက တွန်းလှန်ချေမှုန်းပြီးနောက် ဝင်ရိုးတန်းနိုင်ငံများ လက်နက်ချကာ ဒုတိယကမ္ဘာစစ်ကို အဆုံးသတ်စေခဲ့သည်နှင့်တစ်ပြိုင်တည်း ကိုလိုနီလက်အောက်ခံနိုင်ငံများလည်း လွတ်လပ်ရေးရခဲ့ကြသည်။ အမှန်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုမှာ အစောပိုင်းကာလကတည်းက ဝင်ရိုးတန်းနှင့် မဟာမိတ်နိုင်ငံတို့၏ ကိုလိုနီလက်အောက်ခံနိုင်ငံများ ဖြစ်ခဲ့ကြပြီး ကိုလိုနီလက်အောက်ခံဘဝမှ လွတ်မြောက်အောင် နိုင်ငံများရှိ ပြည်သူများက ကြိုးပမ်းအားထုတ်တွန်းလှန်ခဲ့ကြသောကြောင့် လွတ်လပ်သောနိုင်ငံများအဖြစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်လွန်ကာလတွင် ကိုလိုနီနယ်ချဲ့စနစ် ပျောက်ကွယ်သွားပြီဖြစ်သော်လည်း လက်ဝဲ၊ လက်ယာ အင်အားကြီးနိုင်ငံများ၏ အင်အားချိန်ခွင်လျှာညီမှု၊ နိုင်ငံငယ်အချို့၏ ပြည်တွင်းပဋိပက္ခများ၊ မတည်ငြိမ်မှုများပေါ်ပေါက်မှုတို့ကိုအကြောင်းပြု၍ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ်တွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အင်အားကြီးနိုင်ငံများ ပါဝင်ပတ်သက်လာကြသည်။ မျက်မှောက်ကာလတွင် အဆိုပါနိုင်ငံ၊ အဖွဲ့အစည်းများနှင့် အတူ ယှဉ်တွဲဆက်ဆံရသဖြင့် နိုင်ငံငယ်များ၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်အရေးမှာ မှေးမှိန်နေသည်ဟု ဆိုနိုင်သည်။

စစ်အေးလွန်ကာလတွင် နိုင်ငံအချို့၏ အားနည်းချက်များကို အကြောင်းပြု၍ မသိမသာ ကိုလိုနီပြုခံရမှုများ၊ ဝင်ရောက်စွက်ဖက်မှုများ ရှိလာခဲ့သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအချို့ ပြိုကွဲသွားရသည့်ဖြစ်စဉ်များအား လေ့လာဆန်းစစ် အဖြေထုတ်ကြည့်လျှင် သိမြင်နိုင်ပြီး အဆိုပါဖြစ်စဉ်များမှာ နိုင်ငံငယ်များအတွက် သင်ခန်းစာယူဖွယ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးဆုံးရှုံးစေနိုင်သော ကိုလိုနီနယ်ချဲ့စနစ် ပျက်သုဉ်းသွားပြီဟုဆိုငြားလည်း မျက်မှောက်ကာလတွင် လွတ်လပ်ရေးဆုံးရှုံးရသကဲ့သို့ တိုင်းပြည်တစ်ပြည် ပျက်သုဉ်းသွားစေနိုင်သော အရင်းရှင်နှင့် နယ်ချဲ့စနစ် ကျန်ရစ်နေသေးသည်ကို သတိမူရမည်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့နှင့် အရင်းရှင်နယ်ချဲ့မှာ တစ်သဘောတည်းဖြစ်သည်။ အရင်းရှင်တို့သည် အင်အားကြီးသည်။ ချမ်းသာကြွယ်ဝသည်။ မာန်မာနကြီးသည်။ ရန်သူ၊ မိတ်ဆွေ ခွဲခြားသဘောမထား၊ အရင်းရှင်တို့၏ မူလဗီဇအတိုင်း ကိုယ်ကျိုးစီးပွားတစ်ခုတည်းသာ ကြည့်တတ်သည်။ မိမိအတွက်အကျိုးရှိမည်ဆိုလျှင် ရန်သူကို မိတ်ဆွေဖွဲ့တတ်သည်။ မိမိအတွက် အကျိုးမရှိဟုထင်လျှင် မိတ်ဆွေကိုလည်း ရန်သူသတ်မှတ်တတ်သည်။ အပြောင်းအလဲမြန်ပြီး စိတ်ဆိုး၊ စိတ်ကောက်လွယ်သည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်ဘဝတွင်နေခဲ့ရပြီး မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံး၏ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ လွတ်လပ်ပြီး နှစ်ပေါင်း ၇၀ နီးပါးတွင်လည်း ကိုလိုနီဆိုးမွေများကို ခါးစည်းခံနေရဆဲဖြစ်သည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုအကြောင်းပြု၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများ ရှိလာသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ တိုင်းပြည်တည်တံ့ခိုင်မြဲမှု ရရှိထားသောလွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ အစွန်းရှည်ခိုင်မာမည်ဖြစ်ရာ ယနေ့ကြုံတွေ့နေရသည့် ပြည်ပမှ နှောင့်ယှက်ဖျက်ဆီးလာမည့်အရေးတို့ကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်သော စွမ်းအားဖြင့်သာ တွန်းလှန်ဖယ်ရှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## နေပြည်တော်မြို့၏ ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်မြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ (၁၄၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၂ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဇာတ်ပွဲ၊ ချားရဟတ်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။



သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်မြို့နယ်အတွင်းရှိ သံဃာတော်များအား (၁၂) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ရာ ပါဝင်လောင်းလှူပူဇော်နိုင်ပြီး ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူနိုင်ရန် ပါဝင် ကုသိုလ်တော်ယူနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အခြားသီးနှံစိုက်ပျိုးရန် အသိပညာပေး

**ဇီးကုန်း အောက်တိုဘာ ၁**

မတ်ပဲစိုက် တောင်သူများ အခြားသီးနှံစိုက်ပျိုးရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက်က ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက နိုင်ငံတကာသို့ ပဲတင်ပို့ရောင်းချမှု၊ ဓာတုဆေးဝါး အလွန်အကျွံသုံးစွဲမှုကြောင့် အန္တရာယ်ဖြစ်နိုင်မှုများကို ရှင်းလင်း၍ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်တင်မြလွင်က မတ်ပဲအစားတောင်သူများ ကြိုက်နှစ်သက်ရာ သီးနှံများကို လယ်မြေအနေအထား ရေရရှိမှုနှင့် ကိုက်ညီသော သီးနှံများကိုသာ စိုက်ပျိုးကြရန်နှင့် နည်းစနစ်မှန်ကန်ပြီး စနစ်တကျစိုက်ပျိုးကြရန် ပြောကြားသည်။ **(၀၇၁)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာဧည့်ခန်းမ၌ Multispeciality Physicians Global Alliance (MMPGA) ကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။



(MMPGA) အဖွဲ့နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံမှ ဆေးပညာဘွဲ့ရရှိပြီး အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော မြန်မာဆရာဝန်များအနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုများ ပြန်လည်ပေးအပ်ရာတွင် လွယ်ကူချောမွေ့စေရေးကိစ္စရပ်များ၊ Public Private Partnership အသွင်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များ၊ (MMPGA) အဖွဲ့ဖြင့် နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန် အစည်းအဝေးခန်းမ၌ ဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ (Technical Advisory Group on Clinical Domain)နှင့် တွေ့ဆုံပြီး ဆေးတက္ကသိုလ်များနှင့် ဆေးဘက်ဆိုင်ရာ နီးနွယ်တက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော ဆရာများ၏ အရည်အသွေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံနည်းစနစ်များ တိုးတက်စေရေးကိစ္စရပ်များ၊ ဆေးရုံများတွင် ဆေးကုသစောင့်ရှောက်မှု အရည်အသွေးတိုးတက်စေရေး ကိစ္စရပ်များ၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဆိုင်ရာ အရည်အသွေးတိုးတက်စေရေး ကိစ္စရပ်များ၊ ညီလာခံများ၊ ဆွေးနွေးပွဲများမှ နောက်ဆုံးပေါ် နည်းပညာများကို နယ်တွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များ၊ ပြင်ပဆရာဝန်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ဆေးတက္ကသိုလ်နှင့် ဆေးဘက်ဆိုင်ရာ နီးနွယ်တက္ကသိုလ်များရှိ စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးနှင့် ကျောင်းသားများ စာကြည့်တိုက်ပိုမိုသုံးစွဲလာစေရေးဆောင်ရွက်ရန်ကိစ္စရပ်များနှင့် လူနာတစ်ဦးချင်းစီအလိုက် ဆေးမှတ်တမ်းထားရှိနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

■

## အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ၊ မရှိ စမ်းသပ်ခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းကို ရွှေ့လျားအဖွဲ့ဖြင့် ဝန်ဆောင်မှုပေး

**နေပြည်တော် အောက်တိုဘာ ၁**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံ(အင်းစိန်)၌ အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးများ ထုတ်လုပ်လျက်ရှိပြီး အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ၊ မရှိကို စမ်းသပ်စစ်ဆေးခြင်းနှင့် ကာကွယ်ဆေး ထိုးပေးခြင်းတို့ကို ရွှေ့လျားအဖွဲ့များဖြင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ဝန်ဆောင်မှုဆောင်ရွက်ပေးရာတွင် လူဦးရေ ၁၀၀ အထက်ဖြစ်ပါက ကာကွယ်ဆေးထိုးနှံခြင်းကို စုရပ်နေရာအရောက် စရိတ်ငြိမ်းလာရောက်ထိုးနှံပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လူဦးရေ ၁၀၀ အောက်ဖြစ်ပါက ရွှေ့လျားအဖွဲ့များ၏ အသွားအပြန်ခရီးစရိတ်ကို ကျခံပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကာလအပိုင်းအခြားအလိုက် နောက်ထပ်ကာကွယ်ဆေးများ ထိုးနှံရန်အတွက် ကြိုတင်အကြောင်းကြားခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ၊ မရှိ စမ်းသပ်၍ ကာကွယ်ဆေးထိုးရမည် ဖြစ်ခြင်းကြောင့် အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ၊ မရှိ စမ်းသပ်ခြင်းအတွက် လူကြီး၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၊ ပထမအကြိမ် ဆေးတစ်လုံးအတွက် လူကြီး တစ်ဦးလျှင် ငွေကျပ် ၅၇၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၃၆၀၀၊ တစ်လအကြာတွင် ဒုတိယဆေးတစ်လုံး ထိုးရမည်ဖြစ်ပြီး ခြောက်လအကြာ တတိယအကြိမ်ဆေးတစ်လုံး၊ ငါးနှစ်အကြာ စတုတ္ထအကြိမ် ဆေးတစ်လုံးထိုးရမည်ဖြစ်သည်။

သို့ပါ၍ အသည်းရောင်အသားဝါ (ဘီ)ပိုး ရှိ၊ မရှိ စမ်းသပ်ခြင်းနှင့် ဘီပိုးရှိပါက ကာကွယ်ဆေးထိုးခြင်းကို လေးကြိမ်ထိုးရမည် ဖြစ်သဖြင့် လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၄၈၀၀ နှင့် ကလေးတစ်ဦးလျှင် ငွေကျပ် ၁၆၄၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် BPI ဆေးဝါးစက်ရုံ (အင်းစိန်)ရှိ ဆေးဝါးအရောင်းဆိုင်ဆေးခန်း၌ (ဘီ)ပိုး ရှိ၊ မရှိ စစ်ဆေးမှုနှင့် 'ဘီ'ပိုး ကာကွယ်ဆေးထိုးနှံမှုကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ စစ်ဆေးထိုးနိုင်ပြီဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ❖ ပြည်သူလူထုမှ

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတက မီဒီယာနှင့် ဆက်ဆံရေးတိုးမြှင့်ပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန် လိုအပ်ကြောင်းကိုလည်း မှာကြားခဲ့သည်။

မိမိတို့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များ၊ မှုခင်းဖြစ်ပွားမှုအခြေအနေများနှင့် ပြည်သူတို့၏ လိုလားချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများကိုလည်း မီဒီယာမှတစ်ဆင့် ပြည်သူလူထုကို အသိပေးခြင်းသည် ရဲတပ်ဖွဲ့၏ လုပ်ဆောင်ချက်များ ပွင့်လင်းမြင်သာမှုရှိလာခြင်း၊ ပြည်သူလူထုထံ မှန်ကန်သောသတင်းအချက်အလက်များ ပို့ဆောင်နိုင်ခြင်းနှင့် မှုခင်းနှင့်သက်ဆိုင်သည့် အကြောက်တရားများ လျော့ချပေးနိုင်ခြင်းတို့ကြောင့် မီဒီယာနှင့် ရဲတပ်ဖွဲ့ဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်ပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောသည်။

ဒုတိယသမ္မတက "မျက်မှောက်ခေတ်အခြေအနေကို ကြည့်မယ်ဆိုရင် နည်းပညာတွေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေဟာ အချိန်နဲ့အမျှ ပြောင်းလဲတိုးတက်လျက်ရှိပါတယ်။ အဲဒီတိုးတက်ပြောင်းလဲမှုတွေနဲ့ အတူ ဖြစ်ပေါ်လာတဲ့ မှုခင်းပုံစံသစ်တွေ၊ အကြမ်းဖက်မှုတွေ၊ မတည်ငြိမ်မှုတွေကို စနစ်တကျနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ရဲတပ်ဖွဲ့ဝင်အဆင့်ဆင့်မှာ အရည်အသွေးများ ပြည့်ဝနေဖို့ စဉ်ဆက်မပြတ် လေ့ကျင့်ပေးဖို့လည်း လိုအပ်ပါတယ်။

ဒ့ါအပြင် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ရဲတပ်ဖွဲ့ဝင်တွေဖြစ်စေဖို့ ရည်မှန်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေဖို့အတွက် ပြုပြင်ပြောင်းလဲမှုများအဖြစ် ဥရောပသမဂ္ဂ (EU)နဲ့ပူးပေါင်းပြီး လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်းတွေ၊ ပြည်သူတွေ ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်နိုင်ရေးကဏ္ဍတွေအပြင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျ၊ Interpol၊ Aseanapol၊ AFP၊ DEA၊ MPS စတဲ့ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ပသင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ လေ့လာရေးခရီးတွေကိုလည်း စေလွှတ်လျက်ရှိပါတယ်။

ထို့အတူ နိုင်ငံတကာစံနှုန်းများနဲ့ကိုက်ညီတဲ့ အဖွဲ့အစည်းအဖြစ် ပြောင်းလဲလာစေဖို့အတွက်လည်း UNDP၊ UNICEF၊ UNODC၊ ICRC၊ OHCHR၊ UN တို့ရဲ့ ပူးပေါင်းကူညီမှုတွေနဲ့ လူ့အခွင့်အရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိတွေအကြားပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ ဆောင်ရွက်နိုင်ခဲ့တာလည်းရှိပါတယ်"ဟု ပြောကြားသည်။

မှုခင်းဖြစ်စေသည့် အဓိကအကြောင်းတရားများကြောင့် ဥပဒေများ၊ တရားစီရင်ရေးစနစ်များကိုသာ မှီခိုမနေဘဲ ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အဓိကလိုအပ်သည့် အချက်များကိုလည်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယသမ္မတက အကြမ်းဖက်မှုများအပါအဝင် အမျိုးစုံသော မှုခင်းများကို ထိရောက်စွာထိန်းချုပ်နိုင်ရေး ကြိုးပမ်းရာတွင် မှုခင်းများတိုးစေလျော့စေမှုကိုဖြစ်စေသည့် အကြောင်းတရားများသည် လူမှုရေးပြဿနာ၊ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် နီးကပ်စွာဆက်နွယ်နေသည့်အတွက် လက်ရှိကျင့်သုံးနေသည့် ဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့အပေါ်တွင်သာ မှီခိုအားထားခြင်းမပြုဘဲ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နေရာချထားရေးနှင့် အလုပ်အကိုင်ရှာဖွေရေးကဏ္ဍများ၊ မီဒီယာ၊ အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းများကလည်း ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အထူးအရေးကြီးပါကြောင်း၊

ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် အလေးထားကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာတစ်ရပ်သည် မူးယစ်ဆေးဝါးပြဿနာပင် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရပြီး နိုင်ငံတော်အစိုးရ အဆက်ဆက်ကလည်း မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများအရ မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်လာပါကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် မဟာမဲခေါင်ဒေသအတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အမေရိကန်၊ ရုရှား၊ ကိုရီးယားနိုင်ငံများနှင့်လည်း နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် တားဆီးနှိမ်နင်းရေးနှင့် တရားစီရင်ရေးမဟာဗျူဟာတစ်ခုတည်းအပေါ်၌သာ အသုံးချ၍မရဘဲ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်သည့်အတွက် ၂၀၁၆ ခုနှစ် ဧပြီလတွင် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး ဘက်ပေါင်းစုံမှ ချဉ်းကပ်မှုများပါဝင်သည့် မူးယစ်ဆေးဝါးမူဝါဒများ ရေးဆွဲနိုင်ရေးအတွက် လုပ်ငန်းအကြံပြုချက်များကို ချမှတ်နိုင်ခဲ့ပါကြောင်း။

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ထိ တတိယ ငါးနှစ်စီမံကိန်းကို မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဟူသည့် ကဏ္ဍလေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံမှ နှစ်စဉ်ထုတ်ပြန်သည့် လူကုန်ကူးမှုအစီရင်ခံစာအရ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် Tier 3 အဆင့်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် Tier 2 Watch List အဆင့်တိုးမြှင့်သတ်မှတ်ခံရသည့်အတွက် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တက်စေပါကြောင်း၊ ၂၀၁၈ ခုနှစ်ကို လက်ရှိအဆင့်ထက်မြှင့်တင်နိုင်ရန် အစီရင်ခံစာပါအချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဗဟိုအဖွဲ့ဝင်များ၊ INGO နှင့် NGO များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် တပ်ဖွဲ့ဝင်ခြောက်ဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် တပ်ဖွဲ့ဝင် ၁၆ ဦးအား လည်းကောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် တပ်ဖွဲ့ဝင် ၁၈ ဦးအားလည်းကောင်း ဆုတံဆိပ်များပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယနေ့ကျင်းပသည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦး၊ ဒုတိယရဲချုပ်၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်၊ ရဲလေ့ကျင့်ရေးအရာရှိချုပ်နှင့် တာဝန်ရှိသူများက စံပြရဲရရှိသူ ခြောက်ဦး၊ တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသည့် ပြည်သူနှစ်ဦး၊ သင်တန်းထူးချွန်ဆုရရှိသူ နှစ်ဦး၊ အနုပညာရှင်များ၊ ရာထူးတိုးရရှိကြသည့် တပ်ဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းထူးချွန်ဆုရရှိကြသည့် တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးစွမ်းဆောင်ဆု၊ အားကစားထူးချွန်ဆုနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

# (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားများ မြို့နယ်အလိုက် ကျင်းပ

**မော်လမြိုင်**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့နှင့် ထူးချွန်ဆုရ တပ်ဖွဲ့ဝင်များအား ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မိန့်ခွန်းပြောကြားပြီး မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ရဲအရာရှိ ၂၇ ဦး၊ အခြားအဆင့် ၅၄ ဦး၊ အရပ်သား ၂၄ ဦး၊ တပ်ဖွဲ့ဝင်မိသားစု ၁၂ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူခုနစ်ဦး စုစုပေါင်း ၁၂၄ ဦးတို့အား ပြည်နယ်ဝန်ကြီးချုပ်နှင့် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၀၇)**

---

**နေပြည်တော်**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးရှိ စားရိပ်သာခန်းမ၌ အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးကြည်ဝင်း၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရဲမှူးကြီး ဇော်ခင်အောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခြင်း၊ စွမ်းဆောင်ရည်ဆုရရှိကြသော ရဲတပ်ဖွဲ့ဝင်များအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးကြည်ဝင်းတို့က ဆုများချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

**ရန်ကုန်**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ရန်ကုန်)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက အဖွင့်မိန့်ခွန်းပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ကချီးမြှင့်သည့် ဂုဏ်ပြုဆု ၂၃ ဆု၊ ရဲချုပ်ဆု သုံးဆု၊ နေအိမ်လိုင်းခန်းဆု တစ်ဆု၊ ၂၀၁၆-၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးငါးဘာသာရရှိသူတစ်ဦးနှင့် တာဝန်ဝတ္တရားထမ်းဆောင်စဉ် ကျဆုံးသွားသော ကမာရွတ်မြို့မ ရဲစခန်းမှူး၏ ဇနီးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများအသီးသီး ချီးမြှင့်ပေးကြသည်။ **(သတင်းစဉ်)**

---

**မူဆယ်**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့နှင့် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အောင်ဆန်းသူရိယအေးချိုရိပ်သာ၌ ကျင်းပရာ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က အဖွင့်မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးညွန့်က ဖတ်ကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်တရားသူကြီးတို့က ၂၀၁၇ ခုနှစ်အတွင်း ရဲတပ်ဖွဲ့လုပ်ငန်းများတွင် ရဲတပ်ဖွဲ့နှင့်အတူ စွမ်းစွမ်းတမံ ပူးပေါင်းကူညီဆောင်ရွက်ခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နယ်မြေမှူးနှင့် ဒေသခံတိုင်းရင်းသားများကိုလည်းကောင်း၊ မူဆယ်မြို့နယ် ပန်ဆိုင်းနယ်မြေ၊ မုံးကိုးနယ်မြေနှင့် နမ့်ပေါ်တံတားရဲကင်းတိုက်ပွဲဖြစ်စဉ်၌ ကျဆုံးဒဏ်ရာရ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်နှင့်ဆီ လှူဒါန်းခဲ့သူများအားလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဆရာမောင်(မူဆယ်)**

---

**မကွေး**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို မကွေးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်အေးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားပြီး ရဲတပ်ဖွဲ့နေ့ Video Clip ပြသကာ မှုခင်းဖော်ထုတ်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ကာတာလိုနီးယားဒေသ၌ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းကို စပိန်ရဲတပ်ဖွဲ့က ဖြိုခွင်း




**ဘာစီလိုနာ အောက်တိုဘာ ၁**
စပိန်နိုင်ငံမှ ခွဲထွက်ကာ လွတ်လပ်ရေး ကြေညာရန် လိုလားခြင်းရှိ၊ မရှိ သဘောထား ခံယူသည့် ပြည်သူ့ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်လျက်ရှိပြီး ကာတာလိုနီးယားဒေသ မဲဆန္ဒရှင်များနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

စပိန်အမျိုးသားရဲတပ်ဖွဲ့သည် ကာတာလိုနီးယားဒေသရှိ မဲရုံများမှ မဲလက်မှတ်များနှင့် မဲပုံးများကို သိမ်းဆည်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရိုက်နှက်မှုကြောင့် မျက်နှာပေါ်တွင် သွေးယိုစီးနေသော မဲဆန္ဒရှင်အချို့ကို တွေ့မြင်ရကြောင်း သတင်းထောက်များက ပြောကြားကြသည်။ မဲပေးရန်ကြိုးပမ်းသူ ပြည်သူအချို့မှာ အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူများကို လူနာတင်ယာဉ်များဖြင့် ခေါ်ဆောင်သွားသည်ဆို၏။

မဲရုံများအနီးသို့ ရောက်ရှိနေသော ပြည်သူများ ထွက်ခွာသွားကြရန် ရဲတပ်ဖွဲ့က ညွှန်ကြားခဲ့သည့်ကြားမှ မဲဆန္ဒရှင်များက မဲပေးနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မဲပေးမှုကို စတင်ခဲ့ပြီး မဲရုံများအဖြစ် အသုံးပြုသော စာသင်ကျောင်းများ၏ဂိတ်တံခါးများကို ရဲတပ်ဖွဲ့ဝင်များဝင်ရောက်လာခြင်းမရှိနိုင်စေရေးအတွက် ပိတ်ထားရန်နှင့် ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းမပြုဘဲ ငြိမ်းချမ်းစွာတုံ့ပြန်ရန် ပြည်သူ့ဆန္ဒခံယူပွဲ စီစဉ်ကျင်းပသူများက တိုက်တွန်းထားသည်။

ကာတာလိုနီးယားဒေသ၌ လွတ်လပ်ရေးကြေညာရန် ဦးတည်သည့် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းမပြုရန် အစိုးရက ပိတ်ပင်ထားသည့်ကြားမှ ယင်းဒေသ၏ ဒေသန္တရအစိုးရအဖွဲ့က မဲပေးပွဲကို မဖြစ်မနေကျင်းပရန် ကြိုးစားလာခြင်းဖြစ်သည်။

ယခုကျင်းပသော ပြည်သူ့ဆန္ဒခံယူပွဲသည် တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာတာလိုနီးယားဒေသသည် နိုင်ငံအတွင်းမှ ခွဲထွက်ခွင့်မရှိကြောင်း ဗဟိုအစိုးရအဖွဲ့က ပြောကြားခဲ့ပြီး ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းမှ တားမြစ်နိုင်ရန် ယင်းဒေသသို့ နိုင်ငံတစ်ဝန်းမှ ရဲတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို စေလွှတ်ခဲ့သည်။

မဲရုံပေါင်း ၂၃၀၀ ခန့်ကို ဖွင့်လှစ်နိုင်ရန် ကာတာလိုနီးယား ဒေသန္တရအစိုးရက စီစဉ်ခဲ့သော်လည်း စက်တင်ဘာ ၃၀ ရက်တွင် မဲရုံထက်ဝက်ကျော်ကို ရဲတပ်ဖွဲ့က ပိတ်ထားခဲ့သည်။

**ရိုက်တာ။**




# ဂျပန်မျိုးဆက်သစ်များ နိုဘယ်လ်ဆုဆွတ်ခူးနိုင်ရန် စတင်ပျိုးထောင်

**ကျိုတို အောက်တိုဘာ ၁**
ဂျပန် သိပ္ပံနှင့်နည်းပညာအေဂျင်စီက ဂျပန်မျိုးဆက်သစ်လူငယ်များ နိုဘယ်လ်ဆု ဆွတ်ခူးရရှိစေရန် ရည်ရွယ်ပြီး သင်ကြားမှုအစီအစဉ်တစ်ရပ် စတင်မိတ်ဆက်သင်ကြားပေးမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းအစီအစဉ်ကို ယခုနှစ် ဧပြီလတွင် စတင်ခဲ့ပြီး ဝင်ခွင့်စာမေးပွဲကို စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါအစီအစဉ်အရ သက်ဆိုင်ရာဘာသာရပ်များကို သုတေသနအင်စတီကျူ ၁၀ ခုတွင် သုတေသီများ ကိုယ်တိုင်သင်ကြားမည်ဖြစ်သည်။

ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များကို ငါးနှစ်တိုင်တိုင် သင်ယူရမည်ဖြစ်သည်။

ဝင်ခွင့်စာမေးပွဲတွင် စက္ကူတစ်ရွက်ကို ခေါက်ပြီး ၎င်းတို့၏အိပ်မက်စိတ်ကူးများကို ပုံဖော်ပေးရသည့် ကလေးငယ်များ၏ ဖန်တီးနိုင်စွမ်းရည်ကို စစ်ဆေးသည့်မေးခွန်းများ ထည့်သွင်းခဲ့ကြောင်း သိရသည်။

ရွေးချယ်ခံကလေးငယ်ငါးဦးအနက် တစ်ဦးက ၎င်းအနေဖြင့် ကမ္ဘာကြီးကို အကျိုးပြုနိုင်သည့် ပစ္စည်းအသစ်အဆန်းများနှင့် ရုပ်ဝတ္ထုများ တီထွင်ဖန်တီးနိုင်သည့် သုတေသနပညာရှင်ကြီးတစ်ဦး ဖြစ်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

ရွေးချယ်ခံကလေးငယ်များသည် ကွန်ပျူတာပရိုဂရမ်ရေးဆွဲခြင်း၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ အခြေခံစည်းမျဉ်းများကို အထူးပြုသင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ဓာတ်ခွဲခန်းများသို့ သွားရောက်ကာ ခေတ်မီသုတေသနပြုမှုများနှင့် ဖွံ့ဖြိုးမှုများကို လေ့လာရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အီဂျစ်လူဦးရေ ၁၀၄ သန်းကျော်ရှိဟု စာရင်းအင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာ

**ကိုင်ရို အောက်တိုဘာ ၁**
အီဂျစ်နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၁၀၄ ဒသမ ၂ သန်းရှိပြီး ယင်းတို့တွင် နိုင်ငံအတွင်း နေထိုင်လျက်ရှိသူများနှင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများ ပါဝင်ကြောင်း စာရင်းအင်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၁၇ ခုနှစ် ဧပြီလ အခြေပြစာရင်းအရ အီဂျစ်နိုင်ငံအတွင်းရှိ လူဦးရေမှာ ၉၄ ဒသမ ၈ သန်းဖြစ်ပြီး နိုင်ငံပြင်ပရောက်နေသူ နိုင်ငံသားဦးရေမှာ ၉ ဒသမ ၄ သန်းရှိကြောင်း အီဂျစ်ပြည်သူ့အင်အားနှင့် စာရင်းအင်း အေဂျင်စီအကြီးအကဲ အဘူဘာခါအယ်ဂန်ဒီက ပြောကြားသည်။

မြို့တော်ကိုင်ရို၌ လူဦးရေ ၉ ဒသမ ၇ သန်း၊ ဂီဇာမြို့၌ လူဦးရေ ၈ သန်း၊ ရှာကီယာမြို့၌ လူဦးရေ ၆ ဒသမ ၉ သန်းနှင့် အလက်ဇန္ဒြီးယားမြို့၌ လူဦးရေ ၅ သန်း အသီးသီးရှိသည်။

မွေးဖွားနှုန်းမြင့်တက်မှုအရ နိုင်ငံတော်၏ လူဦးရေသည် ၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ ၁၂၈ သန်းမှ သန်း ၁၄၀ အထိ တိုးလာမည်ဟု ခန့်မှန်းရကြောင်း အဆိုပါဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းချိုးဖောက်မှုဖြင့် နိုင်ငံခြားသား ၅၀၀ ခန့်ကို အမေရိကန်၌ ဖမ်းဆီး



**ဝါရှင်တန် အောက်တိုဘာ ၁**
အမေရိကန်ဖက်ဒရယ်အစိုးရ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများ ချိုးဖောက်မှုဖြင့် နိုင်ငံခြားသား ၅၀၀ ခန့်ကို လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနက ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနမှ တာဝန်ရှိသူများသည် လေးရက်ကြာ စစ်ဆင်ရေးကို ဆင်နွှဲခဲ့ပြီး နိုင်ငံအတွင်း ဥပဒေမဲ့ နေထိုင်သူ နိုင်ငံခြားသား ၄၉၈ ဦးကို ထိန်းသိမ်းခဲ့ကြောင်း အမေရိကန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

"ဘေးကင်းလုံခြုံသော မြို့ကြီး"ဟူ၍ အမည်ပေးထားသော စစ်ဆင်ရေးအတွင်း အမေရိကန်မြို့ကြီး ၁၀ မြို့ရှိ စီရင်စုပေါင်း ၄၂ ခုတို့တွင် နေထိုင်သော နိုင်ငံခြားသားများကို ဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အမေရိကန်အရှေ့ပိုင်း ဖီလာဒဲဖီးယားမြို့၌ နိုင်ငံခြားသား ၁၀၇ ဦး၊ လော့စ်အိန်ဂျလိစ်မြို့၌ နိုင်ငံခြားသား ၁၀၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဒန်ဗာမြို့၊ နယူးယောက်မြို့၊ ဆီယက်တယ်မြို့၊ ဆန်တာကာလာရာ စီရင်စု၊ ဘော်လ်တီမိုးမြို့၊ ကွတ်စီရင်စုနှင့် ဝါရှင်တန်ဒီစီတို့တွင်လည်း ဥပဒေမဲ့ နေထိုင်သူ နိုင်ငံခြားသားများကို ဖမ်းဆီးခဲ့သည်ဆို၏။

အမေရိကန်ပြည်ထောင်စုတွင် သမ္မတအဖြစ် ဒေါ်နယ်ထရန့် တာဝန်ယူချိန်မှစ၍ ဥပဒေမဲ့ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုကို ထိရောက်စွာကိုင်တွယ်သွားရန် ဦးတည် ဆောင်ရွက်လာခဲ့သည်။ **ရိုက်တာ။**

# ၂၀၁၇ ခုနှစ် တရုတ်ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် တရုတ်ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်ပွဲတော်တွင် ပြသသည့် ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုရင်း တရုတ်အနုပညာရှင်များ၏ ပီပြင်သည့် သရုပ်ဆောင်ချက်များ၊ ရုပ်ရှင်အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ပြောင်မြောက်သည့် ပုံဖော်ရိုက်ကူးချက်များအပြင် တရုတ်နိုင်ငံ၏ ရေမြေတောတောင်သဘာဝ၊ လူနေမှုဘဝများ၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ဆန်းသစ်မှုများကို တွေ့မြင်ခံစားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရုပ်ရှင်ပွဲတော်ကျင်းပခြင်းအားဖြင့် ရေ၊ မြေချင်းဆက်စပ်နေသည့် အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်သည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကာလရှည်ကြာတည်ရှိခဲ့သည့် ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကို အခြေခံသည့် ကောင်းမွန်သော ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုများအပြင် အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်မှုများလည်း ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။




ရုပ်ရှင်ပွဲတော်များ ကျင်းပခြင်းနှင့်အတူ နှစ်နိုင်ငံအကြား ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်အတွက် လုပ်ဆောင်နိုင်သည့်အပြင် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲအောင် ဖော်ဆောင်နိုင်မည်ကို သိမြင်နိုင်ပါကြောင်း၊ ယခုကဲ့သို့ အကျိုးရလဒ်ကောင်းများဖြစ်စေပြီး အများအတွက် နှစ်သက်ပျော်ရွှင်စရာလည်းဖြစ်သည့် တရုတ်ရုပ်ရှင်ပွဲတော်ကို ကောင်းမွန်သည့် အစဉ်အလာတစ်ရပ်အဖြစ် ထိန်းသိမ်း၍ နောင်လာမည့် နှစ်များတွင်လည်း ယခုထက် ဇာတ်ကားအရေအတွက်များများဖြင့် ပို၍စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ပြီး တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုသည်လည်း ယခုထက် ပိုမိုတိုးတက်ခိုင်မြဲ၍ အဓွန့်ရှည်တည်တံ့ပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သံအမတ်ကြီး မစ္စတာဟုန်လျန်တို့က တရုတ်ရုပ်ရှင်ပွဲတော် သံတမန်အနုပညာရှင် မိုးစက်ဝိုင်အား ပွဲတော်သံတမန်ဂုဏ်ပြုခန့်အပ်လွှာနှင့် ဆုတံဆိပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် မိုးစက်ဝိုင်တို့က တရုတ်ရုပ်ရှင်ပွဲတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်-မြန်မာချစ်ကြည်ရေးကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ တရုတ်ရုပ်ရှင်ဇာတ်ကားများကို ကြိုက်နှစ်သက်ကြသည့် မြန်မာ့ရုပ်ရှင်ကြည့်ပရိသတ်များက တရုတ်နိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုကို ထင်ဟပ်စေသည့် Xuan Zang ဇာတ်ကားနှင့် Kung Fu Yoga ဇာတ်ကားတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို အောင်သပြေရုပ်ရှင်ရုံတွင် အောက်တိုဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာ ဧည့်ခန်းမ၌ ကမ္ဘာ့ဘဏ်၏ အာရှ-ပစိဖိတ်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa နှင့်အဖွဲ့အား တွေ့ဆုံ၍ ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေနှင့် ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်တွင် နေထိုင်ကြသူအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဖြစ်ရပ်နောက်ပိုင်းမှစတင်၍ အထူးဦးစားပေးတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသူများအနေဖြင့် ရခိုင်ပြည်နယ်သို့ နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်ဝင်ရောက်လာခဲ့ပါက လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခြင်း၊ အဏုအာဟာရဆေးဝါးများ ထောက်ပံ့ပေး၍ အာဟာရချို့တဲ့မှုမှ ကာကွယ်ကုသမှုပေးခြင်း၊ ကလေးများတွင်အဖြစ်များသော ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သောရောဂါများအတွက် ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ပြန်လည်အခြေချနေထိုင်မည့် နေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများဖွင့်လှစ်ပေးခြင်း၊ လိုအပ်ပါက (၁၆)ခုတင်ဆံ့ ယာယီတိုက်နယ်ဆေးရုံများ ဖွင့်လှစ်ပေးခြင်းစသည်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို အထူးစီမံချက်အသွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း။



မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် အခြေခံအချက်အလက်များရရှိရန် အဏုအာဟာရနှင့် အစာစားသုံးမှု စစ်တမ်းကောက်ယူခြင်းလုပ်ငန်းတွင် ကမ္ဘာ့ဘဏ်၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းမှတစ်ဆင့် အဖြစ်များသော ရောဂါများဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ရာတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဆွေးနွေးခဲ့သည်။

ကမ္ဘာ့ဘဏ်အဖွဲ့မှလည်း ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးချက်များအပေါ် မူအားဖြင့် သဘောတူပါကြောင်းနှင့် အကူအညီများကို ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံအနေနဲ့ နောင်တစ်ချိန်မှာ တရုတ်နိုင်ငံနဲ့ ပူးပေါင်းပြီး ရာဇဝင်ကားတွေရိုက်တာမျိုး မြင်ချင်ပါတယ်

၂၀၁၇ ခုနှစ် တရုတ်ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၌ ကျင်းပရာ အဆိုပါပွဲတော်၌ ပွဲတော်သံတမန်အဖြစ် ခန့်အပ်ခံရပြီး လက်ရှိပြသမည့် တရုတ်ရုပ်ရှင်ကားတွင် အသံသရုပ်ဆောင်အဖြစ် ပါဝင်ထားသည့် အနုပညာရှင် မိုးစက်ဝိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**မေး။ တရုတ်ရုပ်ရှင်ပွဲတော်မှာ ပါဝင်ဖြစ်ခဲ့ပုံကို သိလိုပါတယ်။**

ဖြေ။ အဓိကတော့ ဒီရုပ်ရှင်ပြပွဲကို တရုတ်သံရုံးက ကြီးမှူးကျင်းပတာပါ။ သူတို့က တရုတ်သံတမန်ကိုယ်စားပြုအနေနဲ့ဆောင်ရွက်ပေးပါဆိုပြီး ကမ်းလှမ်းလာပါတယ်။ ပထမဆုံးပြမယ့် Xuan Zang ဆိုတဲ့ ဇာတ်ကားက မိုးစက်တို့ငယ်ငယ်က ကြည့်ခဲ့တဲ့ စွန်းဝူခုန်းဇာတ်ကားထဲက ဘုန်းကြီးရဲ့ ဇာတ်လမ်းလေးပါ။ စွန်းဝူခုန်းတို့တော့ မပါပါဘူး။ ဘုန်းကြီးကို ပြန်ရိုက်ထားတဲ့ ဇာတ်ကားပါ။ အဲဒီဇာတ်ကားထဲမှာ မိုးစက်ရဲ့အသံကို တစ်ခန်းဖြစ်ဖြစ် နှစ်ခန်းဖြစ်ဖြစ် ထည့်ပေးပါဆိုတော့ ကောင်မလေးတစ်ယောက်အနေနဲ့ အသံပါဝင်ထားပါတယ်။ မိုးစက်က ငယ်ငယ်ကတည်းက တရုတ်ဇာတ်ကားတွေ အမြဲတမ်းကြည့်ပါတယ်။ မိုးစက်အနေနဲ့ တရုတ်စကားကို ပြောတတ်သွားတာကလည်း တရုတ်ဇာတ်ကားတွေ ကြည့်လို့ပါ။ ငယ်ငယ်ကတည်းက တရုတ်စကားကို ဇာတ်ကားတွေကပဲ လေ့လာခဲ့တာဆိုတော့ အခု တရုတ်ရုပ်ရှင်ပွဲတော်မှာ ပါဝင်ရတဲ့အတွက် သဘောလည်းကျတယ်။ ကိုယ်တိုင်လည်းကြည့်ချင်တယ်။

**မေး။ လက်ရှိပြသမယ့် တရုတ်ရာဇဝင်ဇာတ်ကားအပေါ် မှာ ပရိသတ်တွေအနေနဲ့ ကြိုက်နှစ်သက်မှုရှိမယ်လို့ ထင်ပါသလား။**

ဖြေ။ မြန်မာနိုင်ငံအနေနဲ့ နောင်တစ်ချိန်မှာ တရုတ်နိုင်ငံနဲ့ပူးပေါင်းပြီး ရာဇဝင်ကားတွေရိုက်တာမျိုး မြင်ချင်ပါတယ်။ တရုတ်ရာဇဝင်ဇာတ်ကားတွေလို မြန်မာရာဇဝင်ဇာတ်ကားတွေကိုလည်း ပိတ်ကားပေါ်မှာပဲဖြစ်ဖြစ်၊ အခန်းဆက်အပိုင်း အရှည်ကြီးနဲ့ပဲဖြစ်ဖြစ် တခမ်းတနားကြီးကြည့်ချင်ပါတယ်။ ဒီ Xuan Zang ဆိုတဲ့ဇာတ်ကားက တရုတ်နိုင်ငံမှာလည်း နာမည်ကြီးတယ်။ ဗုဒ္ဓဘာသာကို အခြေခံပြီး ရိုက်ကူးထားတဲ့ ဇာတ်ကားဖြစ်တဲ့အတွက် ကြိုက်နှစ်သက်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။




**မေး-အေးအေးသန့်၊ ဓာတ်ပုံ-ကျော်ရဲဆွေ**

# စည်ပင်သာယာတဲ့ မြို့ကလေး

ခင်မောင်ဌေး(ပညာရေး)

ခုတလော နယ်မြို့လေးတစ်မြို့က မြို့နယ်စည်ပင်ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို လူမှုကွန်ရက်ဖေ့စ်ဘွတ်စာမျက်နှာမှာ မကြာခဏတွေ့နေရသလိုပဲ။ အဲဒီမြို့လေးကတော့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းမှာ ပါဝင်တဲ့ သာစည်မြို့လေးပါပဲ။ မိတ္ထီလာ-တောင်ကြီးသွားကားလမ်းနဲ့ ရန်ကုန်-မန္တလေး မီးရထားလမ်းပေါ်မှာ ရှိပါတယ်။

"ဖိုးလမင်းလည်း သူ့အဆင်းနဲ့အလင်းနဲ့၊ မီးတိုင်ငယ်လည်း သူ့အရွယ်နဲ့ အစွယ်နဲ့" ဆိုသလို မြို့လေးက ငယ်ပေမယ့် သမိုင်းဝင် သမိုင်းတင်စရာတွေက တစ်ပြုံတစ်မကြီးရှိသဗျ။ မြို့ရဲ့အနောက်ဘက်မှာ မင်းလှကန်နဲ့ ညောင်ရမ်းကန်ဆိုတာရှိသဗျာ။ မင်းအနော်ရထာကိုယ်တိုင် ဆည်ဖို့ခဲ့တာနော်။ ပုဂံခေတ်ကပေါ့ဗျာ။ ရေဝင်ချိန်ဆိုရင် ညောင်ရမ်းမင်းလှကန်ရယ်လို့ ခေါ်ရလောက်အောင် ကန်ရေကတစ်ပြင်တည်းဗျ။ ကန်ပေါင်အလျားက ပေပေါင်း ၂၄၂၃၂ ရှိတယ်။ ဒီကန်တည်ရှိတဲ့ ညောင်ရမ်းတစ်ဝိုက်မှာ မြန်မာ၊ ကသည်း၊ မွန်၊ ရှမ်းငယ်၊ တောင်သူ၊ ဓနု စတဲ့တိုင်းရင်းသားတွေ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်လှေတည်းစီးခဲ့ကြသူတွေပါ။ ခုဆိုကန်ရဲ့သက်တမ်း နှစ်ပေါင်း ၈၅၀ ကျော်ပါပြီ။ စိုက်ပျိုးရေးအတွက် ရေပေးရုံမက ငါးတွေပါမွေးမြူထားလို့ သားငါးဖူလုံစေခဲ့တာပါ။

ပြောရဦးမယ် ၁၉၂၆-၁၉၂၇ ခုနှစ်လောက်က နယ်ချဲ့ဆန့်ကျင်ရေးမှာ ဘာမထီသာစည်သားတစ်ယောက်ပေါ်ခဲ့ဖူးတယ်။ အဲဒီသူကတော့ သာစည်နယ် မဲတောရွာသားပေါ့။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုယ်တိုင် မဲတောရွာကိုရောက်ပြီး ချီးကျူးခဲ့ရတဲ့ တောပုန်းကြီး ဗိုလ်စံဖဲပါပဲ။ နယ်ချဲ့ကိုမမှုလို့ ဘုရားပွဲကိုတောင် ရုပ်ဖျက်ပြီးလာကြည့်ရဲတဲ့သူပေါ့။ ဒါတင်ကသေးလားဗျ။ အလှဘုရင်မ မမြရင်ဆိုတာလည်း သာစည်မြို့နယ်သူပေါ့ဗျာ။ ရဟန်းစာဆို မာဃဓိ (သာစည်) ဆိုတာလည်း သာစည်မြို့ကပေါ့။

ရှိသေးတယ်ဗျ။ ရှေးခေတ်မင်းတွေကိုယ်တိုင်တည်ထားခဲ့တဲ့ ဘုရားစေတီပေါင်း ၂၅၀ ရှိတယ်။ မြို့ပေါ်မှာ နဘဲရွှေထီးဘုရားဆိုတာ ရှိတယ်။ မူလဘုရားဒါယကာက သီရိဓမ္မာအာသောကမင်း ဖြစ်တယ်။ သမိုင်းအရကြည့်ရင် ရှေးအကျဆုံးနဲ့ တန်ခိုးအကြီးဆုံးဘုရားကတော့ ရွှေယင်မျှော်ဘုရား ဖြစ်တယ်။ မြန်မာသက္ကရာဇ် (၄၀၁) ခုနှစ်မှာ အနော်ရထာမင်းကြီး အသစ်တစ်ဖန်ပြန်တည်ဆောက်ထားရာ ဓာတ်တော်ရွှေယင်ကောင်ကို အစွဲပြုပြီး ရွှေယင်မျှော်လို့ ဘွဲ့ပေးခဲ့တာ။ ကျော်လေးဆူသမိုင်းဝင်ဖြစ်ပါတယ်။

တကယ်တော့ မြို့လေးကငယ်ပေမယ့် သာသနာပြုဆရာတော်ကြီးတွေ၊ ရဟန်းစာဆိုတွေ၊ ဝန်ဇင်းမင်းရာဇာလို အမတ်တွေ၊ မဂ္ဂဇင်းအယ်ဒီတာတွေ၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ရှင်တွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေ၊ အနုပညာရှင်တွေ၊ မြန်မာ့ဘောလုံးလက်ရွေးစင်တွေ ထွက်ခဲ့ဖူးတဲ့ မြို့လေးပါ။ မီးရထားလမ်းဆုံမြို့လည်းဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး တောင်မြောက်လမ်း၊ အရှေ့ဘက် ရွှေညောင်-တောင်ကြီးလမ်း၊ အနောက်ဘက် မြင်းခြံလမ်းတို့ဖြစ်ပါတယ်။ ကားလမ်းကတော့ သာစည်-တောင်ကြီးလမ်းနဲ့ သာစည်-ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ မကွေးတို့အထိ ဆက်သွယ်ထားပါတယ်။

ဆိုရရင် အညာဒေသ မိုးခေါင်ရေရှားမြို့လေးဖြစ်ပေမယ့် ရှေးအစဉ်အဆက် ဆည်မြောင်းကန်ချောင်းတွေ များစွာ တူးဖို့ဆယ်ခဲ့ကြတယ်။ ကန်ရေရှိလို့ စိမ့်ရေစမ်းရေကြောင့် ထွန်ယက်စိုက်ပျိုးသီးနှံတွေ အလျှံပယ်ခဲ့တယ်။ အထူးသဖြင့် စပါး၊ ငရုတ်၊ ပဲ၊ ပြောင်းစတဲ့သီးနှံတွေဖြစ်ထွန်းခဲ့တယ်။ အထက်အောက် အစုန်အဆန်သွားလာဖို့ လွယ်ကူတဲ့ မြို့လေးမို့ သာယာစည်ပင်ခဲ့တယ်။

မြို့လေးဟာ သာစည်-တောင်ကြီးလမ်းဘေးဝဲ/ယာမှာ ဖြန့်ကြက်တည်ရှိပြီး တည်ငြိမ်အေးချမ်းလှတဲ့ မြို့လေးပါ။ မြို့ပေါ်မှာ ရပ်ကွက်ကြီး ခုနစ်ရပ်ကွက်ရှိပါတယ်။ ပရဟိတအဖွဲ့တွေ၊ သာရေးနာရေးအဖွဲ့တွေဟာ လူမျိုးဘာသာမခွဲခြားဘဲ တစုတစည်းတည်း စည်းစည်းလုံးလုံးရှိခဲ့တဲ့ မြို့လေးပါ။ သာမှုနာမှုမှန်သမျှ ပရဟိတအဖွဲ့တွေရဲ့ ရိုင်းပင်းကူညီမှုဟာ စံထားစရာပါ။ ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်လိုပဲမှိုင်းတိုက်မှုတွေရှိနေပါစေ။ သာစည်မြို့လေးကတော့ နာမည်နဲ့လိုက်အောင်ကိုပဲ သာသာယာယာနဲ့ စည်စည်ကားကားရှိနေလျက်ပါ။

တကယ်တော့ သာစည်မြို့လေးရဲ့စည်ပင်သာယာနေမှုတွေကို မျက်ခြည်မပြတ် စောင့်ကြည့်ပံ့ပိုးပေးနေတဲ့အထဲမှာ မြို့နယ်စည်ပင်လည်း အပါအဝင်ပါ။ သူတို့လုပ်ရမယ့် အလုပ်တွေဖြစ်တဲ့ လမ်းခင်းရမယ့်နေရာတွေခင်းတယ်။ လမ်းပေါ်ကျူးကျော်မှန်သမျှ ရှင်းတယ်။ ရေမြောင်းတွေဖောက်တယ်။ ဒီလိုပဲ ပရဟိတအဖွဲ့တွေကလည်း သုသာန်မြေရှင်းလင်းတာ၊ မီးသင်္ဂြိုဟ်ဖို့ ထင်းစုဆောင်းတာ ဝိုင်းလုပ်ကြတာပဲ။

ဒီနေရာမှာ ကြုံကြိုက်လို့တော့ ပြောစရာတစ်ခုပြောရဦးမယ်။ အဲဒါကတော့ သာစည်မြို့နယ်ထဲမှာ စစ်ဆေးရေးဂိတ်တစ်ခုရှိပါတယ်။ ကွဲတပ်ဆုံစစ်ဆေးရေးဂိတ်ပါ။ အဲဒီဂိတ်မှာ ထိုင်းနိုင်ငံကတင်သွင်းလာတဲ့ AK 33 သေနတ်အလက် ၂၀ နဲ့ AK 47 နှစ်လက် စုစုပေါင်း ၂၂ လက် ဖမ်းဆီးမိခဲ့ပါတယ်။ ကြေးမုံသတင်းစာရဲ့ ထုတ်ပြန်ချက်အရဆိုရင် အရင်ကလည်း နှစ်ကြိမ်လောက်ဖမ်းမိခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ဒါလည်းမဆန်းပါဘူး။ စစ်ဆေးရေးဂိတ်ဆိုမှတော့ တရားမဝင်လက်နက်သာမကပါဘူး။ မူးယစ်ဆေးတွေ၊ သစ်တွေ၊ ကုန်စည်တွေလည်းဖမ်းမိမှာပါပဲ။ ဒါပေမယ့်ဗျာ လက်နက်တွေဖမ်းမိလိုက်တာနဲ့ သာစည်မြို့ကို "မသာစည်မြို့"ရယ်လို့ တံဆိပ်တပ်ပြီး ဆောင်းပါးတစ်ပုဒ်ရေးလိုက်တာကို တွေ့လိုက်ရတယ်။ ဒါကတော့ မဖြစ်သင့်ပါဘူး။ စစ်ဆေးရေးဂိတ်မို့ဖမ်းမိတာပဲ။ ဖမ်းမိလိုက်တာကိုက ဂုဏ်ယူဖို့တောင်ကောင်းသေး။ မဟုတ်ရင် သိပ်အန္တရာယ်ကြီးတယ်လေ။ အဲဒါကို "မသာစည်မြို့"ရယ်လို့ ရေးလိုက်တာကိုတော့ လုံးဝကန့်ကွက်ပါတယ်ဗျာ။

ပြောရဦးမယ် ရန်ကုန်မြို့ကြီးမှာတော့ တစ်နေ့တစ်နေ့ ကားဘယ်မှာရပ်ရမလဲ စဉ်းစားနေရတယ်။ ကိုယ့်အိမ်ရှေ့ ကိုယ်ထားတာတောင် ကျူးကျော်ဆိုင်တွေ၊ အငှားဆိုင်တွေကို ကြောက်နေရသလိုပဲ။ လမ်းတစ်ခုလုံး ကိုယ်ပိုင်လမ်းလို နေရာတွေ သတ်မှတ်နေကြတာ။ အမိုးတွေ၊အဖီတွေဆွဲချနေကြတာ ပေ ၅၀ လောက်ရှိတဲ့ လမ်းက ကားငယ်တစ်စီးတောင် အနိုင်နိုင်သွားနေရတယ်။ အစက ဘာဈေးသည်မှမရှိတဲ့လမ်းကလည်း ရောက်လာလိုက်တဲ့ ဈေးသည်တွေက ကားတစ်စီးထွက်ဖို့တောင် အနိုင်နိုင်။ မြို့နယ်စည်ပင်ဆိုတာ လမ်းခင်းတဲ့ နေရာလောက်ပဲတွေ့ရတယ်။ မြို့နယ်၊ရပ်ကွက်တွေထဲမှာ ဆင်းပြီး လမ်းပိတ်ဆို့နေရတာတွေ၊ ပျက်စီးနေတာတွေ၊ ကျူးကျော်ဆိုင်ခန်းတွေ၊ အမိုးအကာတွေကိုစောင့်ကြည့်တာ၊ ဖယ်ရှားရှင်းလင်းတာတွေ မတွေ့ရသလောက်ပါပဲ။ စာရေးသူနေတဲ့ရပ်ကွက်ဆိုရင် နေလာတာဆယ့်လေးငါးနှစ်ရှိပါပြီ။ စည်ပင်ကလာပြီး အမိုးအကာတွေ၊ ကျူးကျော်နေတာတွေ ပြင်ခိုင်းတာတစ်ခါပဲတွေ့ဖူးတယ်။ အဲဒါလည်းကြာပါပြီ။ အခုတော့ ပိုနေမြဲကျားနေမြဲ ပြန်ဖြစ်ကုန်ကြတာပါပဲ။ အဲဒီနောက် ထိထိရောက်ရောက်လာပြီး ဆောင်ရွက်တာမမြင်ဖူးသလိုပါပဲ။

တကယ်တော့ မြို့တော်စည်ပင်ကလုပ်မှ အလုပ်မဟုတ်ပါဘူး။ မြို့တော်စည်ပင်ကလုပ်ခိုင်းမှ လုပ်ရမှာလည်း မဟုတ်ပါဘူး။ မြို့နယ်တစ်ခုချင်းစီက ကိုယ့်မြို့နယ် သာယာစည်ပင်အောင် အမြဲစောင့်ကြည့်ပြီး လုပ်သင့်တာတွေကို စည်ပင်ဥပဒေနဲ့အညီ စဉ်ဆက်မပြတ်စောင့်ကြည့်လုပ်ဆောင်ပေးဖို့ လိုနေတာပါ။ ဒါကြောင့်လည်း ရန်ကုန်မြို့မှာ ကားနေရာတစ်နေရာအတွက်နဲ့ အသက်ဆုံးရှုံးရမှုတွေ ကြုံခဲ့ရတာပေ့ါ။ အရာရာမှာ ရန်ကုန်မြို့တော်စည်ပင်ကပြောမှဆိုမှ လိုက်လုပ်တတ်တဲ့ မြို့နယ်စည်ပင်တွေကများနေလေရဲ့။

အဲဒီလိုအခြေအနေမျိုးမှာ မြို့နယ်လေးတစ်ခုမှာ မြို့နယ်စည်ပင်က သူ့အလုပ်ကိုသူသိပြီး မြို့ကလေးရဲ့ သမိုင်းကြောင်းနဲ့အညီ စည်ပင်သာယာတဲ့ မြို့လေးတစ်မြို့အဖြစ် အမြဲကြည့်ရှုစောင့်ရှောက်ပေးနေတာ မြင်ရတော့ ရန်ကုန်မြို့ကနေလှမ်းပြီး သွားရည်ယိုမိတာ အမှန်ပါပဲဗျာ။ ။

**သာစည်မြို့လေးရဲ့ စည်ပင်သာယာနေမှုတွေကို မျက်ခြည်မပြတ်စောင့်ကြည့် ပံ့ပိုးပေးနေတဲ့အထဲမှာ မြို့နယ်စည်ပင်လည်း အပါအဝင်ပါ။ သူတို့လုပ်ရမယ့် အလုပ်တွေဖြစ်တဲ့ လမ်းခင်းရမယ့်နေရာတွေခင်းတယ်။ လမ်းပေါ်ကျူးကျော်မှန်သမျှ ရှင်းတယ်။ ရေမြောင်းတွေဖောက်တယ်။ ဒီလိုပဲ ပရဟိတအဖွဲ့တွေကလည်း သုသာန်မြေရှင်းလင်းတာ၊ မီးသင်္ဂြိုဟ်ဖို့ ထင်းစုဆောင်းတာ ဝိုင်းလုပ်ကြတာပဲ။**

# ဒစ်ဂျစ်တယ်နေထိုင်နည်းကို အိပ်မက်မက်ခြင်း

ခင်မောင်ညို(ဘောဂဗေဒ)

ရောက်ခဲ့တဲ့ "အိုင်စီတီအိုလံပစ်" လို့တောင် တင်စားခေါ်ကြတဲ့ ၂၀၁၇ ခုနှစ် သတင်းအချက်အလက်နည်းပညာ ကမ္ဘာ့ကွန်ဂရက်ကို စက်တင်ဘာ ၁၀ ရက်ကနေ ၁၃ ရက်အထိ တိုင်ပေ နိုင်ငံတကာကွန်ဗင်းရှင်းစင်တာမှာ ကျင်းပခဲ့ပါတယ်။ အိုလံပစ်ပွဲတော်လို့ ဆိုရလောက်အောင် နိုင်ငံပေါင်း ၈၀ ကျော်၊ တက်ရောက်သူ ၂၅၀၀ ကျော်နဲ့၊ ပညာရှင်ပေါင်း ၉၀ ကျော်ရဲ့ ဟောပြောမှုတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေက ၈၀၀၀ ကျော်ဆိုတော့ တွေ့သမျှမြင်သမျှ ဆင်တွေချည်းပဲလို့ ပြောရမလိုပါပဲ။

စကတည်းက ယဉ်သလိုဆိုသလို ဖွင့်ပွဲကျင်းပတဲ့ခန်းမကို ဝင်တော့ လေးထပ်လောက်တက်ပြီး နေရာယူရပါတယ်။ တချို့ဆွေးနွေးပွဲတွေက သုံးခန်း တစ်ပြိုင်နက်ဆွေးနွေးနေကြတော့ အားလုံးသွားတက်လို့မရ။ အီလက်ထရွန်နစ်ဂါးဘားမန့် (E-Government) နဲ့ စမတ်စီးတီး (Smart City) ဝပ်ရှော့ကလည်း တစ်ပြိုင်နက်တက်ရသေးတော့ ဗဟုသုတတွေ မနိုင်မနင်းရပေမယ့် ရက်ကြာကြာထိုင်ရတော့ လူလည်းပန်း၊ ဦးနှောက်လည်းနွမ်းရတယ်။ ညစာစားပွဲကလည်း နေ့တိုင်းရှိလေတော့ အစောဆုံးပြီးရင် ည ၈ နာရီပဲ။

စစချင်းသဘောကျမိတဲ့ အယူအဆကတော့ ကိုယ်တို့လို ကားပိတ်တဲ့ ရန်ကုန်ကလာတဲ့သူတွေနဲ့ အံဝင်ခွင်ကျဖြစ်လို့ပါ။

"လမ်းတွေပိတ်နေရင်၊ လမ်းကို မသုံးပါနဲ့၊ ကွန်ရက် (အင်တာနက်) ကိုသုံးပါ"တဲ့။ နေပြည်တော်ကို မြို့တော်ရွှေ့ခါစက အကွာအဝေးဟာ အဓိကမကျဘူး။ အင်တာနက်တွေ၊ တယ်လီဖုန်းတွေ သုံးလို့ရတာပဲလို့ တွေးကြည့်မိဖူးတယ်။

ရန်ကုန်ကလမ်းတွေ ကားကျပ်တာကို မြန်မြန်ဆန်ဆန်လျော့ပါးသွားစေနိုင်တဲ့နည်းက အခုလိုလူတစ်ယောက် တယ်လီဖုန်း သုံးလုံးလောက်ကိုင်နေချိန်မှာ အင်တာနက်ကို သုံးလို့ရတယ်ဆိုတာ သဘောပေါက်သူ၊ အသုံးချဖို့ပြင်ဆင်သူ၊ အသုံးချချင်တဲ့သူတွေ များများစားစားရှိဖို့ လိုတယ်။ ဒီထက်လွယ်တဲ့နည်းတစ်ခုကတော့ ရုံးကိစ္စတွေ အခေါက်ခေါက်အခါခါ မသွားရအောင်၊ အချိန်တိုတိုနဲ့ပြီးအောင် လုပ်ပေးတဲ့နည်းလည်း ရှိသေးမဟုတ်လား။

ကိုယ်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံက (အတူပါတဲ့ မိတ်ဆွေတွေက ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်) လူတွေ၊ မျက်စိလည်ချင်စရာအကြောင်းတရားတွေ၊ သဘောတရားတွေ၊ ဝေါဟာရအသစ်အဆန်းတွေကလည်း အပြည့်။ ဒါပေမယ့် နောက်ဆုံးတော့ လူတွေရဲ့ အသိဉာဏ်စွမ်းအားက အဓိကကျတယ်ဆိုတာလေးနဲ့ ပိတ်ပိတ်သွားတာကိုတော့ သဘောကျမိပါတယ်။

စမတ်မြို့တော် (Smart City) ဆိုတာကို ကိုယ်နားလည်သလိုပြောရရင်တော့ တစ်မြို့လုံးအနှံ့ ဝိုင်ဖိုင်တွေ ဖွင့်ပေးထား၊ ဘတ်စ်ကားပေါ်မှာကအစ ဝိုင်ဖိုင်ပေး၊ လေယာဉ်ပျံရောက်ချိန်၊ ရထားရောက်ချိန်ဆိုတာအသာထား၊ ဘယ်ဘတ်စ်ကား ဘယ်မိနစ်အတွင်း ရောက်မယ်ဆိုတာကအစ သိရအောင်လုပ်ထားတဲ့မြို့။ တစ်မြို့လုံးက ယာဉ်အသွားအလာတွေကို ထိန်းချုပ်ထားတဲ့မြို့။ ကားရပ်နားစရာနေရာတွေမှာ ကိုယ့်ကားဘယ်နားရပ်ထားလို့ ရပ်ထားမှန်းမသိ၊ မေ့တတ်တဲ့ကိုယ်လိုလူတွေအတွက် ကွန်ပျူတာမှန်သားပြင်မှာ ကားနံပါတ်ကို ရိုက်ပြီး ရှာလို့ရတဲ့မြို့လို့ လွယ်လွယ်ပဲ နားလည်လိုက်ပါတယ်လေ။

ဒီမှာလည်း မကြာခဏကြားနေရတဲ့ IOT (Internet of Things) ဆိုတာကလည်း အကုန်လုံးချိတ်ဆက် (Connect) အချက်အလက်တွေကောက် (Collect ) ပြီးတော့ အကုန်ဆက်သွယ် (Communicate) တာလို့ ပြောလေတော့ ကိုယ်က မချိတ်ချင်၊ အချက်အလက်မပေးချင်၊ မဆက်သွယ်မဆက်ဆံချင်လို့လည်း မရတော့ပါလားလို့ စိတ်ပူမိပြန်ရော။

သူတို့ရဲ့ဆောင်ပုဒ် Living In The Digital Dream ဒစ်ဂျစ်တယ် အိပ်မက်တွေထဲကလို နေထိုင်ခြင်းကို ကိုယ်တို့ကတော့ Dreaming The Digital Living ဒစ်ဂျစ်တယ်နေထိုင်မှုတွေကို အိပ်မက်မက်နေတုန်းပဲလို့ ပြောဖြစ်ခဲ့ပါတယ်။ ။



# ရှေ့နေနှင့် မျက်ရည်စ

## ဦးဟန်ညွန့်(ဥပဒေ)

**မျက်ရည်မကျ**

ကျွန်တော်မျက်ရည်မကျတတ်ပါ။ ယောကျ်ားပါ။ မျက်ရည်ခိုင်သူတစ်ဦးပါ။ သို့သော်ငြား. . .။ ဓာတ်ပုံတစ်ပုံ၏စွမ်းအားက ကျွန်တော့်၏မျက်ရည်စကျစေခဲ့ပြီ။ ဒီမှာလေ။

**ဝန်ကြီးဒေါက်တာဝင်းမြတ်အေး**

ဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ရခိုင်ဒေသတွင် ဟိန္ဒူဘာသာဝင်မိသားစုများအား နှစ်သိမ့်အားပေးစကားပြောကြားနေသည့် ဓာတ်ပုံပါ။ ၂၆ -၉-၂၀၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၏ မျက်နှာဖုံးသတင်းဓာတ်ပုံလည်းဖြစ်၊ လူသားဆန်သောဓာတ်ပုံလည်းဖြစ်နေသဖြင့် ဤဓာတ်ပုံကြည့်ပြီး ကျွန်တော်ကြေကွဲသည်။ ဝမ်းနည်းသည်။ မျက်ရည်စကျမိပြီ။ သြော်. . ဤမျှ ဖြစ်ရသလား။ ပိုလွန်းသည်ဟု သင်ထင်ပါသလား။ စဉ်းစားကြည့်ပါ။

**ဒေသနယ်မြေအောက်ခြေကွင်းဆင်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့မှ မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာအနီးသို့ ရဟတ်ယာဉ်များဖြင့် သွားရောက် စစ်ဆေးခဲ့ကြသည်။

**ဟိန္ဒူဘာသာဝင်**

အကြမ်းဖက်သူများကြောင့် ဟိန္ဒူဘာသာဝင် ၂၈ ဦး၏ ရုပ်အလောင်းနှင့် ထပ်မံတွေ့ရှိသည့် ရုပ်အလောင်း ၁၇ လောင်းကို ကြည့်ရှုစစ်ဆေးသည်။ ၎င်းတို့၏မိသားစုဝင်များအား နှစ်သိမ့်သည်။ အားပေးစကားပြောသည်။ ကာယကံရှင် ဟိန္ဒူဘာသာဝင်များ၏ဆန္ဒအရ ဓလေ့ထုံးစံများအတိုင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးရန်စီမံသည်။ သြော်. . အဖြစ်ဆိုးလှပါဘိ။ ဘယ်လိုတွေ ဖြစ်ကုန်ကြပြီလဲမသိ. .။

**သတင်းဆက်ဖတ်ကြည့်**

သတင်းဆက်ဖတ်ကြည့်သည့်အခါ ဆရာဝန်ကြီးများနှင့် ရဲတပ်ဖွဲ့က ရုပ်အလောင်းများအား ရင်ခွဲစစ်ဆေးချက်ရယူသည်။ သေမှုသေခင်းစစ်သည်။ မျိုးရိုးဗီဇစစ်ဆေးသည်။ ဥပဒေလုပ်ထုံးနှင့်အညီ ဆောင်ရွက်ကြသည်။

**လက်ပြန်ကြိုးတုပ်**

သေဆုံးသူများအား မျက်နှာကိုအဝတ်စည်းထားသည်။ လက်ပြန်ကြိုးတုပ်ထားသည်။ လည်ပင်းလှီး၍ သတ်ထားသည်။ ခြေလက်များဖြတ်တောက်ခံရသည်။ ရုပ်အလောင်းများ တူးဖော်ရာသို့ ဆွေမျိုးများလာကြည့်သည်။ ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူဘာသာဝင်များဖြစ်နေသည်။

"တူးဖော်ထားတဲ့အလောင်းတွေကို စစ်ဆေးကြည့်တဲ့အခါ လည်ပင်းလှီးပြီးသတ်ထားတာကို တွေ့ရတယ်။ တချို့အလောင်းတွေက လက်တွေခြေတွေကို ဓားနဲ့ခုတ်ထားတယ်။ ခြေထောက်ဖြတ်ပြီးမှ လည်ပင်းကိုလှီးတာတွေ့ရတယ်။ ပထမတွေ့တဲ့နေရာက အမျိုးသမီးအလောင်း ၁၂ လောင်း၊ နောက်တစ်နေရာက ကလေးနဲ့ လူငယ်အလောင်း ၁၆ လောင်းတွေ့ရတယ်။ နောက်ထပ် တွေ့တာက အမျိုးသားအလောင်းတွေ" ဟု မောင်တောဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက ပြောသည်။ (ကြေးမုံ-၂၆-၉-၂၀၁၇၊ စာ-၈)

**မောင်တောမြို့နယ်တရားသူကြီးဦးဇော်ဇော်သန်းကလည်း**

"သေရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေကို ပြုလုပ်ဖို့ ရဲတပ်ဖွဲ့က တူးဖော်ပြီး စုံစမ်းချင်တယ်လို့ခွင့်ပြုချက်တောင်းတဲ့အတွက် ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ တူးဖော်ခွင့်ပြုခဲ့တာပါ" ဟု ပြောသည်။

**အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဇွန်ချောင်းကျေးရွာသစ်သို့ သွားရောက်ပြီး အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံကာ လတ်တလောစားသောက်နေထိုင်ရေးအခြေအနေများ မေးမြန်း၊ အိမ်ထောင်စုတစ်စု ငွေကျပ်ငါးသောင်းပေး၊ အိမ်ထောင်စု ၂၁ စုအတွက် ငွေကျပ် ၁၀၅၀၀၀၀ ထောက်ပံ့ခဲ့သည်။ (26.9.2017-The Global New Light of Myanmar - p-6) သတင်းက ဤမျှသာပါ။ ဒီထက်ဆိုးရွားသောသတင်းများလည်း ရှိသေးသည်။

**ကျွန်တော့်အတွေး**

(၁) ကျွန်တော် ဗုဒ္ဓဘာသာဝင်ပါ။
(၂) ကျွန်တော် ဗုဒ္ဓဘာသာဝင် ဖြစ်သော်ငြား အခြားဘာသာများကိုလေးစားပါသည်။ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ အဖြူအမည်း မခွဲခြား လေးစားပါ၏။ ရိုသေပါ၏။
(၃) သို့သော် အကြမ်းဖက်မှုကိုတော့ (လုံး၀)လက်မခံ။ မေတ္တာတရားက တခြား၊ ဒေါသတရားက အလကား။ သီးခြားစီပါ။


PEOPLE VOICE THEIR SOLIDARITY WITH STATE COUNSELLOR

THE GLOBAL NEW LIGHT OF MYA

Union Minister Dr Win Myat Aye consoles the families of the Hindu victims killed by ARSA extremist terrorists in Rakhine State. PHOTO: MNA

17 more bodies of Hindus found in N. Rakhine State

(၄) အကြမ်းဖက်ကို ကျွန်တော်မျှသာမဟုတ်။ တစ်ကမ္ဘာလုံးကလက်မခံ။ မည်သူမျှ လက်မခံ။ ရခိုင်ဒေသအဖြစ်မှန်တွေ သိကြပါလေစ။
(၅) ဥပဒေရှိသည်လေ။ ဥပဒေနှင့်အညီ ဆောင်ရွက်မှ၊ နေထိုင်ကြမှ။ လေးစားကြမှ၊ လိုက်နာကြမှ။
(၆) မတော်မတရား၊ ဥပဒေမဲ့၊ စည်းမဲ့၊ ကမ်းမဲ့၊ ဘယ်လိုမှ စဉ်းစား၍မရ။ လက်ခံ၍မရ။
(၇) တစ်ခါတစ်ရံ လက်စားချေသည့်စိတ်မျိုးဖြစ်တတ်ကြ။ သြော်. . . သတိကပ်၍ ဆုံးမမှ။ လူသားပေမို့ ဒေါသအမျက်ထွက်မိတော့မည်။ တရားဥပဒေကိုပင် မေ့သွားတော့မည်လေ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေး၊ ပြန်ကြည့်၊ သတိထားရပေ၏။ သတိ။ သတိ။ သတိ။

**မေတ္တာ**

- ဗုဒ္ဓဘာသာက "မေတ္တာ" ကို အခြေခံသည်။
- ဗုဒ္ဓဘာသာမှသာမဟုတ်။
- ဘာသာတိုင်းလည်း မေတ္တာကို အခြေခံကြသည်ပဲ။

**အကြမ်းဖက်မှုဥပဒေ**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရှိပြီးသားပါလေ။ ပြည်ထောင်စုလွှတ်တော်က ပြဌာန်းခဲ့သည်ပါ။ ၄-၆-၂၀၁၄ ရက်စွဲနှင့်ပါ။ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၄ ဖြစ်ပါသည်။ အကြမ်းဖက်မှုဆိုတာဘာလဲ၊ အဓိပ္ပာယ်ဖွင့်ပြီးသားပါ။

**ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း**

ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် သူတို့အသုံးပြုကျူးလွန်ကြသည်။ ပြီးတော့ ရက်ရက်စက်စက်လူသတ်ခဲ့ကြသည်။ လက်ပြန်ကြိုးတုပ်သတဲ့။ လည်ပင်းလှီးသတဲ့။ ခြေထောက်ဖြတ်သတဲ့။ ခြေထောက်ဖြတ်ပြီးမှ လည်ပင်းလှီးသတဲ့။ သြော်. . .။ မကြားဖူး၊ မမြင်ဖူးတာတွေ ကြားရ၊ မြင်ရ ရင်ဝမှာမသက်သာ။ လူသားအချင်းချင်း စာနာစိတ်ကောရှိကြပါရဲ့လားဗျာ။ လက်တွေ့ကွင်းဆင်းကြည့်နိုင်ကြပါသည်ခင်ဗျာ။

**လှုံ့ဆော်မှု**

ရည်ရွယ်ချက်နှင့် လှုံ့ဆော်သည်။ သတင်းစကားပါးသည်။ သိသိသာသာ၊ မသိမသာ။ နည်းမျိုးစုံပါပဲ။ သတင်းသမား။ မီဒီယာသမားတွေပါ။ ဒီအုပ်စုကို အားပေးကြ။ မိုက်ကြေးခွဲကြ။ အခကြေးငွေယူကြ၊ ဆိုးမှန်း၊ မိုက်မှန်း၊ အကြမ်းဖက်မှုမှန်းသိလျက်နှင့် ကျူးလွန်ကြတာပါ။ မယုံကြည်နိုင်စရာကြီးပါပဲ။ သတင်းမှားပြုသူတွေ တစ်နေ့ဝဋ်လည်မည်ပါ။

**ကမ္ဘာမှာရိုက်ခတ်**

ကမ္ဘာမှာ ရိုက်ခတ်သွားသည်။

"ရခိုင်အရေးအတွက် နိုင်ငံတကာ၏ဆန်းစစ်မှုကို ကြောက်ရွံ့နေမည်မဟုတ်"

**(ဒေါ်အောင်ဆန်းစုကြည်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏မိန့်ခွန်းသည် ကမ္ဘာသို့ကျော်ပြီ။ ပျံ့နှံ့ပြီ။ အာရုံစိုက်ပြီ။ ထဲထဲဝင်ဝင်သိပြီ။ ပြည်တွင်းမှ ထောက်ခံပွဲများ။ ပြည်ပမှ ထောက်ခံပွဲများ။ ကြွားလည်းမကြွား။ စကားမပို။ အရှိကိုအရှိအတိုင်း၊ နှိုင်းနှိုင်းချိန်ချိန်. . .။ မလိုသူတွေကတော့ ခပ်နှိမ်နှိမ်. .။ အားမရသူတွေကလည်း အမြင်ဆိုးနှင့် ဝေဖန်ကြသည်။

**ဒေါသကင်းသူများ**

(၁) ကျွန်တော်လည်း ဒေါသကြီးသည်။ "ငါ့ချရင် သူ့ပြန်ချရမှ" ဆိုသောစိတ်ရှိစမြဲ။ ဘယ်လိုလဲ။

(၂) တင်းတင်းမာမာ၊ ခက်ခက်ထန်ထန်၊ ပြန်လှန်တိုက်ခိုက်၊ အသည်းမှာအလံစိုက်ရချည်ရဲ့ဆိုသော (မိုက်ရူးရဲစိတ်ဟုခေါ်ရမလား) ထားဖို့ မသင့်သေး။

(၃) သမာသမတ်၊ မြင့်မြတ်ခိုင်ကျည်၊ ကမ္ဘာနှင့်ချီသောစိတ်ဓာတ်၊ ငြိမ်းချမ်းရေးစိတ်ဓာတ်၊ ပြည်သူတွေနှင့်အတူ စိတ်ဓာတ်တွေကို မွေးမြူဆုံးဖြတ်ကြရမည်မဟုတ်လား။ ရခိုင်တိုင်းရင်းသားများ၏ အခြေခံသဘောထား၊ နောက်ခံသမိုင်း၊ ဆိုးမွေ ကောင်းမွေတွေ ဘက်စုံ၊ ပေါင်းစုံ၊ ရှုထောင့်စုံမှ တွေးရ၊ ခေါ်ရ၊ ညှိရ၊ တိုင်ပင်ရမည်မဟုတ်လား။ ညီညာကြစေ။

(၄) တရားမျှတမှုဆိုသောစကား ကမ္ဘာကကြားပါစေ။ ကမ္ဘာကသိပါစေ။ ဒေါသကို အခြေမခံ၊ အမှန်အကန်မြန်မာ၊ မြန်မာဆိုတာ ဒီလိုပါ။ ကုလသမဂ္ဂသည်လည်း တရားဥပဒေထဲက အဖွဲ့အစည်းမဟုတ်ပါလား။ "တရားမဲ့" ၍ "မတရားနဲ့"လျှင် ဘယ်သူခံမည်လဲ။ နိုင်ငံတကာရှုမြင်ကြမည်သာ။

**ဘာလုပ်မည်လဲ**

အကြမ်းဖက်မှုတွင် ပါဝင်ခဲ့သူများအား အရေးယူနိုင်ဖို့ အကြမ်းဖက်သူတို့၏ အမည်စာရင်းကို ဘင်္ဂလားဒေ့ရှ်အစိုးရ၊ နိုင်ငံတကာရဲတပ်ဖွဲ့နှင့် ကုလသမဂ္ဂသို့ စာရင်းပို့မည်။ ထို့ပြင်. . .။

**ယဉ်ကျေးမှုထိန်း**

မြို့၊ ဒိုင်းနက်စသည့် ဌာနေတိုင်းရင်းသားတွေ နေရပ်စွန့်ခွာထွက်ပြေးနေရသည်။ ပြန်လည်နေရာချပေးရဦးမည်။ တိုင်းရင်းသားဓလေ့ထုံးတမ်း ယဉ်ကျေးမှုတွေ မပျောက်ပျက်ဖို့ လုပ်ရဦးမည်။ ထို့ကြောင့် UN-HABITAT ထံမှ အကြံဉာဏ်ယူမည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက်နေသူများအား "၁၉၉၃ သဘောတူချက်" အခြေခံပြီး ဆောင်ရွက်မည်။ တရားဥပဒေနှင့်အညီပါ။ (ကျွန်တော်တို့မသိတာတွေ) လတ်တလောထုတ်ဖော်မပြောနိုင်သေးသော အကြမ်းဖက်မှု တိုက်ဖျက်ရေးကိစ္စတွေရှိပေဦးမည်။ နည်းနှင့်၊ စနစ်နှင့်၊ ဝါဒနှင့်၊ ဗျူဟာနှင့်၊ တရားဥပဒေနှင့်။

**ပြည်သူလူထုက တစ်သားတည်း**

(၁) ဒီအချိန်သည် ညီညွတ်ရမည့်အချိန်
(၂) ဒီအချိန်သည် စည်းလုံးရမည့်အချိန်
(၃) ဒီအချိန်သည် စိတ်မကောက်ရမည့်အချိန်
(၄) ဒီအချိန်သည် သူ့အပြစ်၊ ကိုယ့်အပြစ် လက်ညှိုးမထိုးရမည့်အချိန်
(၅) ဒီအချိန်သည် ဒေါသအိုးမပေါက်ကွဲသင့်သောအချိန်
(၆) ဒီအချိန်သည် သွေးထိုးလှုံ့ဆော်၊ ရုန်းရင်းဆန်ခတ်မဖြစ်ရမည့်အချိန်
(၇) မမှားသင့်တာမမှားဖို့
(၈) အများနားလည်အသိကြွယ်ဖို့
(၉) ပြဿနာ၏အဖြေပီပြင်ကြည်လင်စေဖို့
(၁၀) ကမ္ဘာမှာ မြန်မာပီသဖို့ဖြစ်ကြောင်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအပေါ် ပြည်သူလူထုက တစ်သားတည်းရှိကြောင်း ထောက်ခံပွဲများက လက်တွေ့ပြသနေပါသည်။

**သတင်းစာတွေပို၍ဖတ်ကြ**

ယခုတလော သတင်းစာတွေ ပို၍ဖတ်ကြ။ ရေဒီယိုရုပ်မြင်သံကြားတွေ ပို၍ကြည့်ကြ။ မြန်မာဘာသာနှင့်သာမက အင်္ဂလိပ်ဘာသာနှင့်ပါ ပို၍လေ့လာဖတ်ရှုကြ။ အင်္ဂလိပ်စာ မကျွမ်းကျင်လျှင် (ကျွမ်းကျင်သူအားအကူအညီတောင်း၍) တစ်ဆင့်လေ့လာကြ။ ဒါမှ ကမ္ဘာနှင့်နီးမည်။ ကမ္ဘာနှင့်ဝေး၍ ဒုက္ခရောက်ခဲ့ဖူးပြီ။ ဗိုလ် လိုမတတ်၍ ဗိုလ် တွေဒုက္ခပေးတာ ခံခဲ့ရပြီးပြီ။ တစ်ခါသေဖူးပျဉ်ဖိုးနားလည်ရတော့မည်။ ကမ္ဘာကကျယ်သည်။ မြန်မာတွေ နောက်ကျ၍ မဖြစ်။ ကမ္ဘာမှာ မြန်မာအမြဲရှိသည်။ မမေ့သင့်။ မပေ့ါဆသင့်။ ပို၍ကြိုးစားသင့်။ ဤသို့ ကျွန်တော်ယုံသည်။

**ရှေ့နေနှင့်မျက်ရည်စ**

(၁) ကျွန်တော်ရှေ့နေတစ်ဦးဖြစ်ပါသည်။

(၂) ရှေ့နေမို့ အကြမ်းဖက်မှုတွေအတွက် တရားရုံးမှာ ရှေ့နေလိုက်ရမှာပါ။

(၃) အမှားအမှန် ကျွန်တော်ဝေခွဲရတော့မှာပါ။ ခြုံစည်းရိုး ခွထိုင်၍ မရနိုင်ပါ။ ပြတ်သားရမှာပါ။

(၄) ဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ဟိန္ဒူဘာသာဝင်များ၏မျက်ရည်စကို သုတ်ပေးနေတဲ့ဓာတ်ပုံက ကျွန်တော့်အတွက် ရင်ခုန်စရာပါ။

(၅) ကျွန်တော်ဒေါသမဖြစ်တော့ပါ။ သို့သော်. . . . မျက်ရည်တစ်စတော့ ကျခဲ့ပါပြီဗျာ. .။ ။

---

**ရန်ကုန် အောက်တိုဘာ ၁**

## ဆေးတက္ကသိုလ်(၁) ရန်ကုန် ခွဲစိတ်မှုနည်းပညာများကျွမ်းကျင်ရေး အလုပ်ရုံဆွေးနွေး

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ 'ပထမအကြိမ်' ဝိညာဉ်မဲ့မြတ်ဆရာဂုဏ်ပြုပွဲနှင့် ခွဲစိတ်မှုနည်းပညာများကျွမ်းကျင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ဆေးတက္ကသိုလ်(၁) ပြည်လမ်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်ခန္ဓာဗေဒဌာန ပါမောက္ခက ဝိညာဉ်မဲ့မြတ်ဆရာဂုဏ်ပြုအစီအစဉ်နှင့် ခန္ဓာကိုယ်အလှူခံယူမှု၊ အလှူခံရရှိသည့် ခန္ဓာကိုယ်များကို ဆေးပညာတိုးတက်ရေးအတွက်အသုံးပြုနေသည့်အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန် ဒုတိယနှစ်ကျောင်းသားကျောင်းသူများကလည်း ခန္ဓာကိုယ်အလှူရှင်များ၏ အတ္ထုပ္ပတ္တိနှင့်မလေးရှားနိုင်ငံတွင် ဝိညာဉ်မဲ့မြတ်ဆရာ အစီအစဉ်၌ သွားရောက်လေ့လာခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားကို ဂုဏ်ပြုသည့်အနေဖြင့် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမ ၂၇ ဦးတို့က ခန္ဓာကိုယ်လှူဒါန်းခဲ့ရာ ခန္ဓာကိုယ် အလှူရှင်များ၏ မိသားစုများအား ဂုဏ်ပြုလက်မှတ်များနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ခဲ့သည်။

ယခင်ကအလှူရှင်များ၏ ခန္ဓာကိုယ်များကိုခန္ဓာဗေဒလေ့လာသင်ကြားရေးအတွက်သာ အသုံးပြုခဲ့သော်လည်း ယခုအချိန်မှစ၍ တိုးတက်လာသော ဆေးစိမ်နည်းပညာဖြင့်ပြုပြင်၍ ခန္ဓာကိုယ်အား ခွဲစိတ်ကုသမှုသင်ကြားရေးတွင် စတင်အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❑

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် စေတနာရှင်များ မောင်တောဒေသရှိ ကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များလှူဒါန်း

**မောင်တော အောက်တိုဘာ ၁**
အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များသည် ယနေ့တွင် မောင်တော ဒေသရှိ ကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များလှူဒါန်း ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များသည် ဘူးသီးတောင်မြို့နယ်အတွင်းရှိ လမ်းမကျောင်းတိုက်၊ မင်္ဂလာမြို့ဦးပရိယတ္တိစာသင်တိုက်၊ အလိုတော်ပြည့် ဘုန်းကြီးကျောင်း၊ သာသနာ့အလင်းရောင် ဘုန်းကြီးကျောင်း၊ မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၄)ရပ်ကွက် သုဓမ္မာရုံကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ (၃)မိုင် ပရဟိတကျောင်း၊ အထက(၁)မောင်တော၊ မြို့မကျောင်းတိုက်နှင့် သာသနာ့ဗိမာန်တော်ကြီးတို့တွင် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များသွားရောက် ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရပြီးနောက် ကယ်ဆယ်ရေးစခန်းများသို့ ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များ လာရောက်ခိုလှုံလျက်ရှိရာတွင် ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများနှင့် ပတ်သက်၍ မေးမြန်းပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အားပေးစကားပြောကြားသည်။

“ဒီဖြစ်စဉ်မှာ ဟိန္ဒူဘာသာဝင်တွေလည်း အနီးကပ်ဆုံး ခံစားရပါတယ်။ ပဋိပက္ခဖြစ်တဲ့အခါတိုင်း ကယ်ဆယ်ရေးစခန်းတွေကို သွားရောက်တဲ့အခါမှာ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေးကအစ အကုန်လုံး အကူအညီပေးကြပါတယ်။ အဲဒီအတွက်လည်း အစိုးရအဖွဲ့ကြီးကို ကျေးဇူးတင်သလို ပြည်တွင်းက တိုင်းရင်းသားတွေနဲ့အတူတကွ ရပ်တည်သွားမယ်လို့လည်း ကတိပြုပါတယ်”ဟု မောင်တောမြို့ အထက(၁)ကျောင်း ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိနေသော ဟိန္ဒူဘာသာဝင် တစ်ဦးက ပြောကြားခဲ့သည်။ ထိုကျောင်းတွင် ဟိန္ဒူဘာသာဝင် ၉၀၆ ဦး လာရောက်ခိုလှုံလျက်ရှိသည်။

ထို့နောက် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးကျော်လွင်က ကိုယ့်ရပ်ကိုယ့်ရွာကို စွန့်ခွာလာသည့်အချိန်တွင် ကျန်းမာရေး၊ စားဝတ်နေရေးနှင့်ပတ်သက်၍ အဆင်ပြေမှုရှိ၊ မရှိ သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရန်အတွက် အစိုးရပိုင်းအနေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း၊ ကူညီပံ့ပိုးရန်အတွက် အမှန်တကယ် အခက်အခဲဖြစ်နေသူများအား တတ်နိုင်သမျှ ကူညီထောက်ပံ့လျက်ရှိကြောင်း၊ အမိမြေကို ထိန်းသိမ်းရန်အတွက် နိုင်ငံတော်၊ လွှတ်တော်၊ တပ်မတော်နှင့် အခြားသော အုပ်ချုပ်ရေးအဖွဲ့အစည်း အသီးသီးက ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ယခုဖြစ်စဉ်နှင့်ပတ်သက်၍ နေရပ်ပြန်လည်နေထိုင်နိုင်ရန် လုံခြုံရေးကို ဦးစားပေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်တလောစားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်ခြေနည်းသည့် တိုင်းရင်းသားကျေးရွာများကို အိမ်ခြေများလာအောင် ထပ်ဖြည့်ခြင်း၊ ကျေးရွာများစုပေါင်း၍ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေး၊ စပါးရိတ်သိမ်းချိန်ဖြစ်သည့်အတွက် ကျေးရွာပိုင် ရိတ်သိမ်းခြွေလှေ့စက်များ ရရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေး၊ စိုက်ပျိုးရေးအတွက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးမျိုးနှင့် မျိုးစေ့များကိုလည်း အိမ်ထောင်စုအလိုက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိသည့် ကျေးရွာများအတွက် ဈေးကားများ စီစဉ်ပေးရန်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားများအနေဖြင့် လိုအပ်သည်ကိုလည်း အကူအညီတောင်းခံနိုင်ပြီး ကိုယ်တိုင်ကြိုးစားလုပ်ကိုင်ကြရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များသည် တိုင်းရင်းသားများ ခံစားရသကဲ့သို့ ထပ်တူခံစားရခြင်းကြောင့် တစ်လအတွင်း နှစ်ကြိမ်မြောက် လာရောက်ရခြင်းဖြစ်ကြောင်း၊ ဘူးသီးတောင်မြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ် ၁၄၀၊ မောင်တောမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ဆန် ၂၂၅ အိတ် တို့ကို လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင်လည်း မောင်တောမြို့နယ်အတွင်း ကျန်ရှိသည့် ကျေးရွာများသို့ သွားရောက်ထောက်ပံ့လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**



# ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**
၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဘိုးဘွားများ၏ လူမှုဘဝအား အထောက်အပံ့ဖြစ်စေရန်နှင့် ၎င်းတို့အတွက် သေချာသော မျှော်မှန်းဝင်ငွေ ပုံမှန်ရရှိစေရန် ရည်ရွယ်၍ တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသက်(၉၀)နှင့်အထက် ဘိုးဘွားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစပြီး နိုင်ငံတော်ရန်ပုံငွေမှ လူမှုရေးပင်စင် ထောက်ပံ့ပေးခဲ့ကြောင်း၊ ဘိုးဘွားပေါင်း ၃၉၄၄၀ ရရှိခံစားနေပြီဖြစ်ကြောင်း၊ နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ထောက်ပံ့ပေးသည့် ဘိုးဘွား အသက်ကို လျှော့ချပြီး ဘိုးဘွားဦးရေ ပိုမိုထောက်ပံ့သွားရန် ဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် အခြားသော အရှေ့တောင်အာရှနိုင်ငံများနည်းတူ သက်ကြီးရွယ်အိုဦးရေ တိုးတက်မှုနှုန်းသည် အလျင်အမြန်ပြောင်းလဲလျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ၏ ခန့်မှန်းခြေလူဦးရေ စာရင်းအရ မိမိတို့နိုင်ငံ၏ စုစုပေါင်းလူဦးရေ ၅၃ သန်းခန့်အနက် ၄ ဒသမ ၉ သန်း(၉ ဒသမ ၂ ရာခိုင်နှုန်း)သည် အသက်(၆၀)နှင့်အထက် သက်ကြီးရွယ်အိုများဖြစ်ကြကြောင်း၊ တစ်နည်းအားဖြင့် လူ ၁၁ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုဘဝကို ရောက်ရှိနေကြပြီဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများ တိုးမြှင့်စောင့်ရှောက်နိုင်ရေးသည် အထူးလိုအပ်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ သက်ကြီးရွယ်အို စောင့်ရှောက်မှုနည်းစနစ်များထဲမှ စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ ထူထောင်သည့် နည်းစနစ်ကို ၁၉၁၅ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး နှစ်ပေါင်း ၁၀၀ ကျော်လာပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ အသိအမှတ်ပြုပြီး ဘိုးဘွားရိပ်သာ ၈၂ ခုတွင် ဘိုးဘွားပေါင်း ၂၇၀၀ ကျော်ကို လက်ခံစောင့်ရှောက်ပေးထားပြီး နိုင်ငံတော်အနေဖြင့် အဆိုပါ ဘိုးဘွားရိပ်သာများသို့ ဆန်ဖိုးငွေ၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ခေတ်ကာလနှင့်အညီ တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

သက်ကြီးရွယ်အိုများအတွက် ရိပ်သာအခြေပြု စောင့်ရှောက်ရေးလုပ်ငန်းနှင့် လုံလောက်မှုမရှိသည့်အတွက် ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ်မှစပြီး အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များကို တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုရှိ ကျေးရွာပေါင်း ၁၂၅ ရွာတွင် ဆောင်ရွက်လျက် ရှိပါကြောင်း၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို အခြားသော လူမှုရေးအဖွဲ့အစည်းများ လိုက်ပါလုပ်ဆောင်နိုင်ရန် စံနမူနာတစ်ခုအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး စောင့်ရှောက်မှု နည်းလမ်းသစ်တစ်ခုကို မိတ်ဆက်ဆောင်ရွက်ခဲ့ပါကြောင်း။

သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူသင်တန်းကိုလည်း ရန်ကုန်မြို့ သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် သင်တန်းအမှတ်စဉ်(၅)အထိ ဖွင့်လှစ်ခဲ့ပြီး လူငယ်များအလုပ်အကိုင် ရရှိရေးကိုပါ win-win approach အနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးထားသည့် ဦးတည်ချက်ဆောင်ပုဒ်မှာ “သက်ကြီးသူတို့ စွမ်းဆောင်အား၊ ရပ်ရွာအတွင်း အလေးထား၊ အနာဂတ်အတွက် ခြေလှမ်းများ”ဟူ၍ ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများအတွက် ခွဲခြားဆက်ဆံမှုကင်းဝေးပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်ကောင်းရရှိအောင် ဖန်တီးဆောင်ရွက်ပေးကြရန်နှင့် ပိုမိုသာယာလှပသော လူမှုပတ်ဝန်းကျင်ဖြစ်စေရန် ဘိုးဘွားများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ကာ လူမှုပတ်ဝန်းကျင်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး လက်ကမ်းကြိုဆိုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို UNFPA ဌာနေကိုယ်စားလှယ် မစ္စ ဂျဲနက်ဂျက်ဆင်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၂၀ ကို ပေးအပ်ရာ အဘိုးအဘွားများကိုယ်စား အဘိုး ဦးအေးသိန်းက လက်ခံသည်။

ထို့နောက် သက်ကြီးသူချင်းကူညီစောင့်ရှောက်မှုအဖွဲ့မှ အဖွဲ့ဝင် အဘွား ဒေါ်နော်မော်ထူးက ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်သော အဘိုးအဘွားများအတွက် ဆေးဝါးပစ္စည်းနှင့် အလှူငွေများ ပေးအပ်ကြသည်။ **(သတင်းစဉ်)**




# စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

**စစ်တွေ အောက်တိုဘာ ၁**
အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော၊ ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် အဘိုးအဘွားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ရခိုင်ပြည်နယ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန အထောက်အပံ့ဖြင့် ဘိုးဘွားရိပ်သာ သုံးခုဖွင့်လှစ်ထားပြီး ဘိုးဘွား ၁၀၇ ဦးအား ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်ဖြင့် အသက်(၉၀)နှင့်အထက် ဘိုးဘွားများအား နိုင်ငံတော်အစီအစဉ်ဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ထိုသို့ထောက်ပံ့ပေးရာတွင် စစ်တွေ၊ မောင်တော၊ မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲမြို့နယ်တို့ရှိ အဘိုး ၄၂၂ ဦး၊ အဘွား ၈၇၁ ဦးတို့အား ပထမအကြိမ်၊ အဘိုး ၅၂၈ ဦး၊ အဘွား ၁၁၄၂ ဦးတို့အား ဒုတိယအကြိမ် ထောက်ပံ့ပေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဘိုးဘွားများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ အဘွား ဒေါ်မစောခိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

■ **ရွှေဖုံးမှ**

လူထုခေါင်းဆောင်ရဲ့ လုပ်ဆောင်ချက်တွေဟာဆိုရင် ဘက်မလိုက်ဘဲ သမာသမတ်ကျကျနဲ့ မှန်မှန်ကန်ကန် ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ထောက်ခံဂုဏ်ပြုတဲ့အနေနဲ့ အခုလိုလာရောက်ထောက်ခံတာဖြစ်ပါတယ်။ အခုလိုထောက်ခံရတဲ့အကြောင်းတွေကိုလည်း ပြည်ပနိုင်ငံတွေကိုလည်း သိစေချင်ပါတယ်”ဟု အဆိုပါပွဲတွင်ပါဝင်သူ မအူပင်မြို့နယ်မှ ဦးဇော်မင်းထိုက်က ပြောသည်။

ယနေ့မွန်းလွဲ ၂ နာရီခန့်က အလုံမြို့နယ်ရှိ သခင်မြပန်းခြံတွင် ပန်းရဲ့လမ်းတေးဂီတအဖွဲ့၏ ငြိမ်းချမ်းရေးတေးသီချင်း ဖျော်ဖြေမှုများနှင့်အတူ ပြည်သူများ စတင်စုဝေးကာ ညနေ ၃ နာရီခန့်တွင် ကမ်းနားလမ်းမှတစ်ဆင့် မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံရှေ့သို့ စီတန်းလမ်းလျှောက်ကြသည်။

ထို့သို့ လမ်းလျှောက်ပွဲပြုလုပ်ရာတွင် ပြည်သူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုထောက်ခံသောအားဖြင့် ဓာတ်ပုံ(ဗီနိုင်း)များ ကိုင်ဆောင်ကာ ဂုဏ်ပြုထောက်ခံသည့် ကြွေးကြော်သံများဖြင့် စီတန်းလမ်းလျှောက်ကြခြင်းဖြစ်သည်။

ထို့နောက် မဟာဗန္ဓုလပန်းခြံရှေ့တွင် ပန်းရဲ့လမ်းတေးဂီတအဖွဲ့က ငြိမ်းချမ်းရေးတေးသီချင်းများနှင့် ဖျော်ဖြေကြပြီး တက်ရောက်လာကြသူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပါဝင်ထောက်ခံရသည့်အကြောင်းအရာများကို ပြည်သူများ သိရှိစေရန် ဟောပြောကြသည်။

“လမ်းလျှောက်ပွဲမှာပါဝင်တဲ့ မိတ်ဆွေတွေကို




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းလမ်းလျှောက်ပွဲ ရန်ကုန်မြို့၌ ပြုလုပ်စဉ်။**

ငြိမ်းချမ်းရေးတေးသီချင်းတွေနဲ့ ဖျော်ဖြေခဲ့ပါတယ်။ နိုင်ငံတကာက ဘယ်လိုပဲ ဖိအားတွေပေးပေး ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ညီညီညွတ်ညွတ်နဲ့ လုပ်သွားရင် အရာရာကိုကျော်ဖြတ်လို့ရနိုင်တယ်ဆိုတာကို သိစေချင်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကိုယ့်မြို့နယ်၊ ရပ်ကွက်တွေမှာပါ အခုလိုထောက်ခံပွဲတွေ လုပ်ပေးခြင်းအားဖြင့် ဖိအားတွေနဲ့ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့ရဲ့လူထုခေါင်းဆောင်လည်း အင်အားတွေ ပိုရှိလာလိမ့်မယ်။ ပြည်သူတွေအားလုံးလည်း ပိုပြီးစည်းလုံးလာမယ်လို့ ယုံကြည်ပါတယ်” ဟု ပန်းရဲ့လမ်းတေးဂီတအဖွဲ့မှ ဦးသားထွေးက ဆိုသည်။

အလားတူ ရွှေပြည်သာမြို့နယ်မှ ဒေါ်ယုသီရိဝင်းက “အမေ့အပေါ်မှာ နိုင်ငံတကာရဲ့ဖိအားတွေ အလွန်များနေတယ်။ နိုင်ငံတကာအမြင်မှာ အမေဟာ ပြည်သူနဲ့တစ်သားတည်းရှိနေတယ်ဆိုတာကို သိစေချင်ပါတယ်။ အဲဒါကြောင့် လူထုခေါင်းဆောင်ကို ထောက်ခံတဲ့ပွဲတိုင်းမှာ ပါဝင်ခဲ့ပါတယ်။ ခေါင်းဆောင်ကောင်းရဲ့ နောက်မှာ နောက်လိုက်ကောင်းတွေအဖြစ်နဲ့ အမြဲတမ်းရပ်တည်သွားမှာပါ”ဟု ပြောသည်။

ယနေ့ပြုလုပ်သည့်ပွဲတွင် ပြည်သူများနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ ပါဝင်ကြပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာက ယာဉ်လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ကတော့ ဒီပွဲမှာ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ လိုက်ပါဆောင်ရွက်ပေးတာပါ။ အခုလိုထောက်ခံပွဲတွေလုပ်တာဟာ ကျွန်တော်တို့နိုင်ငံအတွက်ကောင်းတဲ့ လက္ခဏာလို့ မြင်ပါတယ်။ ပြည်သူတွေစုပေါင်းပြီး လူထုခေါင်းဆောင်ကို ထောက်ခံတဲ့အပေါ် ကြိုဆိုဝမ်းသာပါတယ်” ဟု မရမ်းကုန်းမြို့နယ် မြတ်ကုသိုလ်လူမှုကယ်ဆယ်ရေးအသင်းမှ ကိုသူရစိုးက ဆိုသည်။

ပြည်သူများအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် တစ်သားတည်းရှိကြောင်း ပြသသည့် ထောက်ခံပွဲကို စက်တင်ဘာ ၂၄ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့်အပြင် အခြားသော မြို့ကြီးများတွင်လည်း ပြုလုပ်ခဲ့ကြသည်။

ယခုကဲ့သို့ ထောက်ခံဂုဏ်ပြုသည့် ပွဲများကို အခြားသော မြို့များတွင်လည်း ဆက်လက်ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံပွဲ ပုလောမြို့နယ်၌ ကျင်းပ



**ပုလော အောက်တိုဘာ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူလူထုထောက်ခံပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ပုလောမြို့နယ် အမှတ်(၂)ရပ်ကွက် ပလာဇာရှေ့၌ကျင်းပရာ ဒေါ်စန်းစန်းဝေ (ဇရပ်ဆိပ်ကျေးရွာ)၊ ဦးတင့်လွင်(ပုလော)၊ ဒေါ်မီးမီးမာ(မြိတ်)၊ ဦးအင်ပို (ပုလော)တို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြောင်း ဟောပြောခဲ့ပြီး တက်ရောက်လာကြသူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဝန်းရံရေး၊ နိုင်ငံတော်အကျပ်အတည်းဖြစ်စေမည့် သွေးထိုးလှုံ့ဆော်မှုမှန်သမျှ ဆန့်ကျင်ရေး၊ အကြမ်းဖက်မှုမှန်သမျှ ဆန့်ကျင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (၂၁)ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ အောင်ရမည် စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်ခဲ့ကြသည်။

အဆိုပါအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို၊ ဦးကျော်မင်းနှင့် ဒေသခံပြည်သူအင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**

○ **မြန်မာ့လက်ရွေးစင်မှ**

ယခင်ရွေးချယ်ထားသည့် ကစားသမား ၂၅ ဦးအပြင် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာသည့် ရန်ကုန်အသင်းတောင်ပံကစားသမား ကြည်လင်းကို အားဖြည့်ရွေးချယ်ထားသည်။

ကြည်လင်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ခြေထောက်ဒဏ်ရာရခဲ့ပြီး ကာလရှည်ကြာစွာ အနားယူခဲ့ရကာ ယခုမှသာ မြန်မာ့လက်ရွေးစင်အသင်းတွင် တစ်ကျော့ပြန်ရွေးချယ်ခံရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ကြည်လင်းပါဝင်လာသောကြောင့် တိုက်စစ်ပိုင်းပိုကောင်းလာဖွယ်ရှိနေသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့်ခြေစမ်းမည့် ထိုင်းလက်ရွေးစင်အသင်းသည် အောက်တိုဘာ ၂ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး ကစားသမား ၂၄ ဦး လိုက်ပါလာမည်ဖြစ်သည်။ ထိုင်းလက်ရွေးစင်အသင်းတွင် နာမည်ကြီးကစားသမားများဖြစ်သည့် အသင်းခေါင်းဆောင် ဒန်ဒါ၊ ချာနာသစ်၊ ကာဝင် အစရှိသည့်ကစားသမားများ ပါဝင်လာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်းတို့၏ခြေစမ်းပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၆ နာရီခွဲတွင် မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပွဲအတွက် ကြိုတင်လက်မှတ်များကို အောက်တိုဘာ ၁ ရက်မှစ၍ ရောင်းချလျက်ရှိကာ အထူးတန်းကျပ် ၃၀၀၀၊ ရိုးရိုးတန်းကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ-ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ-ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ-ပိုပေါ့စကီး၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး-သီဟစည်သူ၊ ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ နောက်တန်း-ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ သီဟထက်အောင်၊ ဝင်းမင်းထွဋ်၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ ကျော်ဇင်လွင်၊ သိန်းသန်းဝင်း၊ အလယ်တန်း ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ ကောင်းဆက်နိုင်၊ သက်နိုင်၊ ရန်နိုင်ဦး၊ မင်းမင်းသူ၊ စည်သူအောင်၊ မောင်မောင်လွင်၊ လှိုင်းဘိုဘို၊ ဇင်မင်းထွန်း၊ ကြည်လင်း၊ ရှေ့တန်း - ဒွေးကိုကိုချစ်၊ သန်းပိုင်၊ အောင်သူ၊ ကျော်ကိုကိုတို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအတွက် အောက်တိုဘာ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

✻ **ကျောဖုံးမှ**

နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် ဧည့်ခံဖျော်ဖြေရေးကားများသည် မိမိရပ်ကွက်အတွင်း လှည့်လည်ဖျော်ဖြေ၍ သီတင်းကျွတ်လပြည့်နေ့တွင် မြို့တွင်းသို့လည်းကောင်း၊ လပြည့်ကျော် ၁ ရက်နေ့တွင် ဝန်ကြီးဌာန ၂၂ ခု၏ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားကားများသည် သတ်မှတ်လမ်းကြောင်းအတိုင်းလည်းကောင်း အစီအစဉ်တကျ မြို့တွင်းသို့ ဒေသစာရီကြွချီတော်မူပြီး ဘုရားကားများ၏နောက်မှ ဖျော်ဖြေရေးကားများသည် သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်ဖျော်ဖြေကြသည်။ ထို့နောက် သက်ဆိုင်ရာမှ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားကားများအား ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်ပေးသည်မှာ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လတွင် ကျင်းပခြင်းဖြစ်သည်။

ရှေးယခင်က နေပြည်တော် ပျဉ်းမနားမြို့၏ သီတင်းကျွတ်ပွဲတော် ကနဦးအစသည် မြေဝိုင်းအကများဖြင့် ရပ်ကွက်အတွင်း လှည့်လည်ဖျော်ဖြေခြင်းဖြင့် စတင်ခဲ့ပြီး ယင်းမြေဝိုင်းအကတွင် ယိမ်းအကများလည်း ပါဝင်ဖျော်ဖြေခဲ့ကြောင်း လူကြီးများ၏ ပြောပြချက်အရ သိရသည်။ ထို့နောက် နှစ်ကာလအတန်ကြာ ခေတ်စနစ်တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ တစ်နှစ်ထက်တစ်နှစ် အသွင်အပြင်လည်း ပြောင်းလဲကာ အဆင့်မြင့်စတိတ်ကားများဖြင့် ဧည့်ခံဖျော်ဖြေမှုများ ဖြစ်ပေါ်လာခဲ့သည်။

ယခုနှစ် ၁၃၇၉ ခုနှစ် နေပြည်တော် ပျဉ်းမနားမြို့၏ အထင်ကရ အစည်ကားဆုံး သီတင်းကျွတ်ပွဲတော်ကို ယခင်နှစ်များနှင့်နည်းတူ မိုးလင်းပေါက်ဖျော်ဖြေမှုများကို ဖျော်ဖြေတင်ဆက်မည် ဖြစ်သောကြောင့် ဒေသခံများနှင့် ရပ်နီးရပ်ဝေးမှ ပျဉ်းမနားမြို့ သီတင်းကျွတ်ပွဲတော် လာရောက်လည်ပတ်ဖူးသူများအနေဖြင့် မျှော်လင့်နေကြကြောင်း သိရသည်။ သီတင်းကျွတ်လသည် မြန်မာလူမျိုးများ၏ ဂါရဝထိပ်ထားသောလဖြစ်၍ သီတင်းကျွတ်လပြည့်နေ့တွင် ဆရာသမား၊ လူကြီးများအား ပူဇော်ကန်တော့ကြသောကြောင့် မင်္ဂလာရှိသောလများ၏ ခေါင်းဆောင်လတစ်လဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

✻ **နက္ခတ္တဗေဒ**

မန္တလေးတက္ကသိုလ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

“ဒီဆွေးနွေးပွဲက ရရှိလာတဲ့ အကြံပြုချက်တွေအပေါ် အခြေခံပြီး ရန်ကုန်မှာ ဆွေးနွေးပွဲတွေ ထပ်လုပ်မယ်။ ရန်ကုန်က အတည်ပြုချက်ရရင်တော့ လာမယ့်ပညာသင်နှစ်ကစပြီး တစ်နိုင်ငံလုံးက တက္ကသိုလ်တွေမှာ စတင်သင်ကြားနိုင်အောင် ကြိုးစားသွားမှာပါ။ ဒီဘာသာရပ်တွေကို ကျွန်မတို့ငယ်ငယ်က သင်ကြားခဲ့ပေမယ့် အခုခေတ်ကလေးတွေ သင်ကြားနိုင်ခြင်းမရှိတော့ဘူး။ ပြည်ပကျောင်းတွေမှာ ဒီဘာသာရပ်က အတော်လေး အရေးပါတာကိုတွေ့ရတယ်။ အရင်ဆယ်တန်းမှာ တယ်လီစကုပ်အကြောင်းကို သင်ခဲ့ရပေမယ့် အခုနောက်ပိုင်းမှာ တက္ကသိုလ်တွေကအစ သင်ကြားရခြင်း မရှိတော့တဲ့အတွက် ကြယ်တွေ၊ နက္ခတ်တာရာနဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို အသုံးပြုလေ့လာတဲ့ တယ်လီစကုပ်အကြောင်းကို သိရှိမှုနည်းပါးလာတယ်”ဟု ဒေါက်တာလဲ့လဲ့ဝင်းက ဆက်လက်ပြောသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်က နက္ခတ္တဗေဒဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းအချို့ သင်ကြားပေးခဲ့သော်လည်း နောက်ပိုင်းတွင် သင်ကြားပေးနိုင်ခဲ့ခြင်းမရှိတော့သည့်အတွက် အဆိုပါ ဘာသာရပ်ဆိုင်ရာ ဗဟုသုတများရရှိစေရန်နှင့် တက္ကသိုလ်များတွင် နက္ခတ္တဗေဒဘာသာသုတေသနလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အင်းလေးကန်ကြီး ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်



**ညောင်ရွှေ အောက်တိုဘာ ၁**

အင်းလေးကန်အတွင်း စက်လှေများ အသွား၊ အပြန် ခုတ်မောင်းနေကြသည်။ အင်းလေးကန်သည် ကမ္ဘာကျော်သဘာဝကုန်းတွင်းရေကန်ကြီးဖြစ်သည်။ အင်းလေးကန်သည် တောင်ကြီးခရိုင်အတွင်း နမ့်လတ်ချိုင့်ဝှမ်း၊ ညောင်ရွှေချိုင့်ဝှမ်း၏ တောင်ဘက်အစွန်ဆုံးအပိုင်းတွင် တည်ရှိပြီး ထုံးကျောက်များအရည်ပျော်ရာမှ ဖြစ်ပေါ်လာသည့် ကျောက်ပျော်ကန်အမျိုးအစားဖြစ်သည်။ လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက ဖြစ်ပေါ်လာခဲ့ကြောင်း ဘူမိဗေဒပညာရှင်များက သတ်မှတ်ခဲ့ကြပြီး သဘာဝရေကန်တစ်ခုဖြစ်ကာ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးရေကန်ကြီးဖြစ်သည်။

အင်းလေးကန်သည် အရှေ့ဘက်နှင့် အနောက်ဘက်တွင်တည်ရှိသည့် တောင်နှင့်မြောက် သွယ်တန်းနေသော တောင်ကြီးနှစ်ခု၏ အလယ်တွင်တည်ရှိသည်။ အင်းလေးကန်နှင့် ရေဝေရေလဲဧရိယာသည် ညောင်ရွှေမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဖယ်ခုံမြို့နယ်တို့နှင့် ထိစပ်လျက်ရှိသည်။ အာဆီယံ၏ယဉ်ကျေးမှုအမွေအနှစ် (Asian Cultural Heritage Park)ဒေသတစ်ခုအဖြစ် သတ်မှတ်ခံရသည့် သဘာဝရေအိုင်ဖြစ်သည်။

အင်းလေးကန်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ထူးခြားသည့်ခြေထောက်ဖြင့် လှေလှော်ခြင်း ဓလေ့စရိုက်များ၊ သာယာလှပ၍ စိတ်ဝင်စားဖွယ်ကောင်းသည့် ပထဝီအနေအထား၊ တန်ခိုးကြီးဘုရားစေတီများ တည်ရှိသည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာနေသော ထင်ရှားကျော်ကြားသည့်နေရာဒေသတစ်ခု ဖြစ်သည်။

အင်းလေးကန်အတွင်းသို့ အရှေ့ဘက်မှ ၁၇ ချောင်း၊ အနောက်ဘက်မှ ၁၁ ချောင်း၊ မြောက်ဘက်မှ တစ်ချောင်း စုစုပေါင်း ၂၉ ချောင်း စီးဝင်လျက်ရှိသည်။ မြောက်ဘက်မှ စီးဝင်သောနမ့်လတ်ချောင်း၊ အနောက်ဘက်မှစီးဝင်သော နယ်ခြားချောင်း၊ ကလောချောင်းနှင့် ဘီလူးချောင်းတို့သာ ရာသီမရွေးစီးဝင်နေပြီး ကျန်ချောင်းများမှာ မိုးရာသီကာလတွင်သာ စီးဝင်သည်။ ဤကဲ့သို့ အင်းလေးကန်အတွင်းသို့စီးဝင်သော ချောင်းများတွင် ရေပယ်ချောင်း(နယ်ခြားချောင်း)၊ သန်းတောင်ချောင်း (ကလောချောင်း)နှင့် အင်းတိမ်ချောင်း(အထက်ဘီလူးချောင်း)တို့စီးဝင်ရာဒေသများသည် ကန်ပြင်အတွင်းသို့ နုန်းအနည် အများဆုံးဖုံးလွှမ်းဝင်ရောက်နေကြောင်း တွေ့ရှိရသည်။

အင်းလေးကန်သည် သဘာဝဝန်းကျင်အနေအထားပြောင်းလဲလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ရေဝေရေလဲဒေသအတွင်း မြေယာအသုံးချမှုပုံစံ ပြောင်းလဲလာမှုတို့ကြောင့် မူလက ၁၀၄ စတုရန်းမိုင်အထိ ကျယ်ဝန်းရာမှ ယခုအခါ သဲနုန်းပို့ချမှု၊ လူဦးရေထူထပ်လာမှု၊ အခြေချနေထိုင်သူများပြားလာမှု၊ ကျွန်းမျော (ရေခြံ)စိုက်ခင်းများပြားလာမှုတို့ကြောင့် ကွင်းဆင်းတိုင်းတာချက်အရ လက်ရှိနယ်နိမိတ်၏ ၆၃ စတုရန်းမိုင်သာတည်ရှိကြောင်း တိုင်းတာတွေ့ရှိရသည်။ အင်းလေးကန်ဒေသအတွင်းသို့ စီးဝင်သော ချောင်း ၂၉ ချောင်းမှ တစ်နှစ်လျှင် ပျမ်းမျှ သဲနုန်းကျင်း သုံးသိန်းမှ ငါးသိန်းခန့် ပို့ချနေကြောင်း သုတေသနပြုချက်အရ သိရသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နှစ်စဉ်ပျမ်းမျှငွေကျပ် ၁ ဒသမ ၅ သိန်းခန့်မှ သုံးသိန်းခန့်အထိ အကုန်အကျခံ၍ တူးဖော်ဖယ်ရှားပေးနိုင်ခဲ့သည်။

ဤကဲ့သို့ အင်းလေးကန်အတွင်း ချောင်းများမှ သဲနုန်းပို့ချမှုကြောင့် ရေသိုလှောင်မှုပမာဏ ကျဆင်းလာပြီး ပူပြင်းခြောက်သွေ့သည့် ကာလများတွင် အင်းရေပြင်နှင့် ဆက်စပ်လျက်ရှိသော ကျေးရွာကမ်းစပ်များ တိမ်ကောမှုများ ဖြစ်ပေါ်လာခဲ့သည်။

ညောင်ရွှေ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ ရေဘေးကာကွယ်ရေး၊ အင်းလေးကန်စိမ်းလန်းစိုပြည်ရေး၊ ရေရှည်တည်တံ့ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်။ ရှမ်းပြည်နယ် တောင်ပိုင်းဒေသ၏ စပါးကျီဖြစ်သည့် ညောင်ရွှေမြို့နယ် စပါးစိုက်ပျိုးရာလယ်မြေများ စိုက်ပျိုးရေ ဖူလုံစွာရရှိစေရန်အတွက် ရေပေးမြောင်းများအား ကျောက်ကြီးများ စီပေးထားသည်။ ကျောက်ကြီးစီပေးထားခြင်းကြောင့် ရေအလေအလွင့်မရှိခြင်း၊ အင်းလေးကန်အတွင်း စီးဝင်သည့်မြောင်းများဖြစ်သည့်အတွက် ကမ်းပါးများ ရေတိုက်စားမှုမှကာကွယ်ပြီး သဲနုန်းများ တိုက်စားမှုကာကွယ်ခြင်းများကြောင့် သဲနုန်းအဝင်နည်းပြီး အင်းလေကန် ရေရှည်တည်တံ့မှုကို အထောက်အကူပြုကာကွယ်ပေးနေသည်။

အင်းလေးကန် စိမ်းလန်းစိုပြည်နိုင်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆည်မြောင်းဝန်ကြီးဌာနက အင်းလေးကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ကျွန်းမျောရိုင်းများ၊ ရေမှော်များရှင်းလင်းခြင်းလုပ်ငန်းအပြင် သောင်တူးစက် သုံးစီး၊ မြေတူးစက် လေးစီး၊ ကုန်း၊ ရေ နှစ်ထွေသွားမြေတူးစက်နှစ်စီး၊ ရေမှော်ဖြတ်စက်နှစ်စီးအပါအဝင် စက်ယန္တရား ၁၅ စီးဖြင့် လုပ်ငန်းများ ဆောင်ရွက်နေသည်။ ထို့အပြင် ရေဝေရေလဲဧရိယာအတွင်း နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ခြင်း၊ နုန်းထိန်းနုန်းစစ်ကန်များ၊ နုန်းလွှဲမြောင်းများ တူးဖော်ခြင်း၊ နုန်းထိန်းတမံနှင့် အင်းလေးကန်ကြီး စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် နုန်းထိန်းတမံကြီး ခြောက်ခု၊ နုန်းဖမ်းဆည်ပေါင်း ၃၀၀ ကျော်ကို ရေဝင်ချောင်းများတွင် တည်ဆောက်ပေးထားသည်။

အင်းလေးကန် ထာဝရတည်တံ့သာယာလှပရေးအတွက် ဆည်မြောင်းဌာနသည် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ သုတေသနပြုသူများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**(လယ်မြေချစ်သူ)**



ကမ္ဘာ့ဆရာများနေ့
၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

## ဘိန်းအစားထိုး ယာသီးနှံမျိုးစေ့များ အခမဲ့ပေးအပ်

**နမ္မတူ အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် မူးယစ်ဆေးဝါးပပျောက်စေရေး စတုတ္ထငါးနှစ်စီမံကိန်း အစားထိုးယာသီးနှံမျိုးစေ့၊ နှစ်ရှည်ပျိုးပင်၊ ဓာတ်မြေဩဇာနှင့် သွင်းအားစုများအား တောင်သူများသို့ အခမဲ့ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမင်းဦးက တောင်သူများ၏ အကျိုးစီးပွားကို ရည်မျှော်လျက် ယာသီးနှံ၊ ပဲပုပ်ပျိုးစေ့၊ နှစ်ရှည်လက်ဖက်ပျိုးပင်၊ ဓာတ်မြေဩဇာများ ကူညီပံ့ပိုးပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၁၀၈ ဦးနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မျိုးစေ့၊ ပျိုးပင်နှင့် ဓာတ်မြေဩဇာသွင်းအားစုများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့် တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းထံ ပေးအပ်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရွှေဘိုပေါ်ဆန်း စမ်းသပ်ကွက်နှင့် SRI စံပြကွက်များ စစ်ဆေး

**မောက်မယ် အောက်တိုဘာ ၁**

လင်းခေးခရိုင် စိုက်ပျိုးရေးဦးစီးမှူး၊ လင်းခေးခရိုင်အတွင်းရှိ ခြောက်မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၃၀ ရက်က မောက်မယ်မြို့နယ် မြို့မအုပ်စု ကွင်းအမှတ်(၂)ရှိ ရွှေဘိုပေါ်ဆန်း စမ်းသပ်ကွက်၊ မိုးစပါး(BMP) စံပြကွက်၊ SRI မိုးစပါးစံပြကွက်များနှင့် ဝါသီးနှံစိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | စွဲရိပ်ထင်ထင် ဝတ္ထုတိုများ | ကလောင်စုံ | ၉၀၀ | စိတ်ကူးချိုချို |
| ၂ | ဂျိုကာမပါဘဲတုတ်စားခြင်းနှင့် အခြားဝတ္ထုတိုများ | ကြည်အေး | ၃၀၀၀ | စိတ်ကူးချိုချို |
| ၃ | မိမိကိုယ်ကိုလေးစားမှုတည်ဆောက်ဖို့ အကြံပြုချက် ၅၀ | ဆုပြည့်စုံထွန်း | ၁၀၀၀ | ဆုပြည့်စုံထွန်း |
| ၄ | မြန်မာများမသိသော မြန်မာတပ် | စောကြာအောင် | ၃၅၀၀ | မှန်နန်းဆောင်စာပေ |
| ၅ | နေပျော်ကြည်မြ ရွှင်လန်းတူရိယာ | အတ္တကျော် | ၃၅၀၀ | နန်းဒေဝီ |
| ၆ | ဘဝထဲက မိန်းမသားများ | အေးမွန် | ၃၀၀၀ | ဆန်းစသော်တာ |
| ၇ | လယ်ယာမြေဥပဒေ ပထမအကြိမ် ပြင်ဆင်ရေး လိုတိုရှင်း အကြံပြုချက်များ | ရွှေနေဦးဖိုးဖြူ | ၃၀၀၀ | Phoe Phyu & Associates Ltd. |
| ၈ | မှဲ့ကြည့်နည်း | ကျော်ခိုင် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၉ | သင့်အတွက် နေ့စဉ်အကြံပေးဒိုင်ယာရီ ၂၀၁၈ | ချူမာန် (MOTAA) | ၃၀၀၀ | အောင်ဆက်ခိုင် |
| ၁၀ | အကျော်ဇေယျ ရာဇဝင်ထဲမှ မိဖုရားများ | သန်းဝင်းလှိုင် | ၃၀၀၀ | စာပေခရီးသွား |
| ၁၁ | ဒါတွေသင်သိသလား ၂၀၁၇ အမေးနှင့်အဖြေ စွယ်စုံကျမ်း | ဂျိုနီယာဝင်း | ၄၀၀၀ | ရန်အောင်စာပေ |
| ၁၂ | တနင်္ဂနွေ ရုပ်ရှင်ကဗျာများ | ကလောင်စုံ | ၁၅၀၀ | ယဉ်မျိုးစာပေ |
| ၁၃ | ကတ္တီပါ ဖိနပ်ကလေးတောင်မှ မနိုင် | မြင့်မိုရ်ဆွေ | ၂၅၀၀ | မျိုးဆက်သစ် |
| ၁၄ | ဝတ္ထုတို (၅) ပုဒ် | ရွှေဥဒေါင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၁၅ | ဝတ္ထုတို (၅) ပုဒ် | ညီပုလေး | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၆ | ဝတ္ထုတို (၅) ပုဒ် | ထင်လင်း | ၉၀၀ | စိတ်ကူးချိုချို |
| ၁၇ | ဝတ္ထုတို (၅) ပုဒ် | ခင်ခင်ထူး | ၁၀၀၀ | စိတ်ကူးချိုချို |
| ၁၈ | ရန်ကုန်သူပုန်ကြီးနဲ့ အပြာရောင်ကျားရဲ | လှစိုးဝေ | ၃၀၀၀ | နှင်းဆီဖြူ |
| ၁၉ | ဓမ္မကထိက လက်စွဲ (ပ+ဒု) ပေါင်းချုပ် | သကျဝံသ | ၂၅၀၀ | ကောင်းထွန်း |
| ၂၀ | သမိုင်းပန်းကုံး | မောင်သန်းဆွေ(ထားဝယ်) | ၃၀၀၀ | နေရီရီ |
| ၂၁ | ကိုင်းဖျားလှုပ်ခါ လွမ်းနေမိ | မေဇွန်အေး | ၂၅၀၀ | ရှုဝံစာအုပ်တိုက် |
| ၂၂ | စနိုက်ပါ ကဗျာများ-၃ | မောင်မိုးပွင့်(ရေကြည်) | ၂၀၀၀ | Journalist |
| ၂၃ | ရှုဝံကြယ်မြေခအောင် ခြွေပြမယ့်သူ | ထန်းတပင်စန်းလွင် | ၂၀၀၀ | ညီမေတ္တာစာပေ |
| ၂၄ | ဇော်မွှေးပန်းလှလှလေးနှင့် နိုင်ငံစုံပုံပြင်များ | မောင်ခေတ်ထွန်း | ၅၀၀၀ | ရန်အောင် (၂) |
| ၂၅ | မိုးမခပင်ရိပ် | မောင်သာနိုး | ၅၅၀၀ | ကွမ်းခြံလမ်း |
| ၂၆ | မတ်တပ်ရပ်လို့ လမ်းမှာငို | မောင်သာရ | ၃၀၀၀ | မျိုးဆက်သစ် |
| ၂၇ | ကုန်းဘောင်ရာဇဝင်ထဲမှ ရုပ်ပုံလွှာများ | ဦးစိန်မောင်ဦး | ၂၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၂၈ | ရသာစုံ ရှုဖွယ်ကျမ်း | ဘဒ္ဒန္တအဂ္ဂဝံသ(အင်းမ) | ၂၅၀၀ | ဟန်သာဆုစာပေ |
| ၂၉ | တကွဲတပြား | ဒီနိုဗို | ၃၅၀၀ | မိတ်ဆွေများစာပေ |
| ၃၀ | သမိုင်းတွင်မည့်စကား သမိုင်းဝင်မည့်စကား အင်တာဗျူးများ | ကလောင်စုံ | ၃၅၀၀ | မိတ်ဆွေများစာပေ |
| ၃၁ | လူ့တိရစ္ဆာန်များ၊ အရုပ်လူသားများနှင့် လူသား သစ်များ | အောင်ရင်ငြိမ်း | ၄၀၀၀ | ဝါးလည် |
| ၃၂ | ကင်ဆာခယောင်းလမ်း ဖြတ်သန်းအောင်မြင်ကြသူများ | ဇွန်ခိုင်ဦး(ဆေးဝါးတက္ကသိုလ်) | ၃၅၀၀ | အာရုံသစ် |
| ၃၃ | ကြိယာအသုံးပြုပုံနည်းလမ်းများ | ဆရာနိုင်ဦး(မဟာဝိဇ္ဇာ) | ၂၀၀၀ | ယဉ်မျိုးစာပေ |

(ဆက်လက်ဖော်ပြပါမည်)

# ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းရှိ ပင်မလျှပ်စစ် ထုတ်လုပ်ရေးတွင် ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွား



**ဖြူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မင်းကံရိုးကျေးရွာအုပ်စု ဒိုင်းတရာကျေးရွာအနီး ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းရှိ ပင်မလျှပ်စစ်ထုတ်လုပ်ရေးမှ ပါဝါဟောက် VCB-VACCUM-CIRCUITBRAKER17 တွင် ဝိုင်ယာရှော့ဖြစ်၍ မီးပန်းများပေါက်ကွဲထွက်မှု စက်တင်ဘာ ၃၀ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ရာ အနီးရှိ ထရန်စဖော်မာ 230 KV/11 KV သို့ ကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါမီးလောင်ရာသို့ ဖြူးမြို့နယ် မီးသတ်ဦးစီးဌာန၊ ဖြူးမြို့နယ်ရဲတပ်ဖွဲ့၊ ၁၁၅ မိုင် အမြန်လမ်းမီးသတ်တပ်ဖွဲ့တို့မှ မီးသတ်ယာဉ် ငါးစီးနှင့် စက်ရုံဝန်ထမ်းများက ပူးပေါင်းမီးငြိမ်းသတ်ရာ ညသန်းခေါင်ယံ ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ထိခိုက်သေဆုံးမှုမရှိကြောင်း သိရ သည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာသို့ အောက်တိုဘာ ၁ ရက် နံနက် ၁၁ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။**(ယာပုံ)**

**တင်စိုး(ပဲခူး)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ဒေသလက်ရွေးစင်ရွေးချယ်ပွဲ ကျင်းပ



**ဘားအံ အောက်တိုဘာ ၁**

ငြိမ်းချမ်းရေးဂီတပွဲတော်၂၀၁၇ သီချင်းဆိုပြိုင်ပွဲ ဘားအံမြို့၏ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို ယနေ့ညပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အဆိုပါသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ မြို့နေရာများသတ်မှတ်ကာ ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။

Level-1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်ပွဲစဉ်(၁)၊ ရန်ကုန်ပွဲစဉ်(၂)၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေမြို့တို့တွင် ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသလက်ရွေးစင်သုံးဦးစီကို ရွေးချယ်ခဲ့သည်။

အလားတူ ဘားအံမြို့၏ Level-1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို ယနေ့ညပိုင်းက ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပရာ ပထမ Sa Poung၊ ဒုတိယ နေမျိုးဇော်ဇော်၊ တတိယ အတူးတို့ကို ရွေးချယ်ခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲကျင်းပသည့်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ mrtvwebmediaportalနှင့် Peace Music Festival Facebook စာမျက်နှာ www. facebook.com/ peacemusicfestivalတို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့အပြင် ဂီတချစ်ပရိသတ်များအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်၂၀၁၇ သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပမည့်မြို့နေရာ၊ နေ့ရက်၊ အသံစစ်ဆေးမည့်နေ့ရက်၊ အကဲဖြတ်ဒိုင်များ အစရှိသည်တို့ကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် Peace Music Festival Facebook စာမျက်နှာ www. facebook.com/peacemusicfestival တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို သတ်မှတ်မြို့များ၌ကျင်းပလျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးဂီတပွဲတော်မိသားစုနှင့် စေတနာရှင်အလှူရှင်များက ပြိုင်ပွဲကျင်းပရာ မြို့များရှိ တိုက်ပွဲရှောင် (ယာယီ)စခန်းများ၊ IDP စခန်းများ၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာနေရာဌာနများသို့ သွားရောက်၍ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

■

# ပရိသတ်တွေရဲ့လက်ခုပ်သံတွေ၊ အားပေးသံတွေကြားမှာ ညီမတို့ အလွန်စိတ်လှုပ်ရှားခဲ့ရပါတယ်

**Miss Universe Myanmar 2018 ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Winner ဆု သရဖူကို ဆွတ်ခူးရရှိခဲ့သော အလှမယ် နှင်းသွေးယုအောင်နှင့် တွေ့ဆုံစဉ် ပြိုင်ပွဲအတွေ့အကြုံနှင့် ရင်ခုန်သံများကို တွေ့ဆုံမေးမြန်းခဲ့သည်။**



**မေး။ ။ သရဖူဆုရခဲ့တဲ့အပေါ် ခံစားရင်ခုန်ခဲ့ရတာလေးကို ပြန်မျှဝေပေးပါဦး။ အခုလိုဆုရခဲ့မယ်လို့ ကြိုတင်မျှော်မှန်းထားတာမျိုး ရှိပါသလား။**

ဖြေ။ ။ ဆုရဖို့တော့ ညီမ မျှော်လင့်ခဲ့ပါတယ်။ အကောင်းဆုံးကြိုးစားမယ်ပေါ့နော်။ မျှော်လင့်ခဲ့တယ်ဆိုပေမယ့် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ညီမဒီပြိုင်ပွဲမှာ အကောင်းဆုံးကြိုးစားမယ်ဆိုတဲ့ စိတ်နဲ့ပဲ ပြိုင်ခဲ့တာပါ။ အခုလိုဆုရခဲ့တဲ့အတွက်လည်း ညီမအလွန်ဝမ်းသာဂုဏ်ယူမိပါတယ်။

**မေး။ ။ Miss Universe Myanmar 2017 ပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်ခဲ့တဲ့ စိတ်ကူးကိုလည်း သိချင်ပါသေးတယ်။**

ဖြေ။ ။ ညီမ Miss Universe 2016 မှာ ကျိုင်းတုံ၊ တာချီလိတ်ကိုယ်စားပြုအနေနဲ့ ပြိုင်တုန်းက First runner up နဲ့ ကျန်ခဲ့တော့ နောက်နှစ်ထပ်ပြိုင်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီကတည်းက Miss တစ်ယောက်မှာရှိသင့်တဲ့ လိုအပ်တဲ့အရည်အချင်းပိုင်းတွေကို အတတ်နိုင်ဆုံးကြိုးစားပြင်ဆင်ခဲ့ပါတယ်။ ညီမအနေနဲ့ အဲဒီကတည်းက ပြင်ဆင်ခဲ့ပြီးတော့ ဒီပွဲမှာပြိုင်ဖြစ်ခဲ့တာပါ။

**မေး။ ။ မနှစ်က ကျိုင်းတုံ၊ တာချီလိတ်ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တယ်။ ဒီနှစ်ကျတော့ ပဲခူးကိုယ်စားပြုအနေနဲ့ ပြိုင်ဖြစ်ခဲ့တာက ဘယ်လိုကြောင့်လဲ။**

ဖြေ။ ။ ပဲခူးကိုယ်စားပြုအနေနဲ့ ပြိုင်ဖြစ်တာက ညီမအမေက ပဲခူးသူစစ်စစ်လည်းဖြစ်တယ်။ ပဲခူးမှာ အဆက်အသွယ်တွေလည်းရှိတဲ့အတွက် ပြိုင်ဖြစ်သွားတာပါ။

**မေး။ ။ ပြိုင်ပွဲဝင် အလှမယ်အားလုံးကို ဖြတ်ကျော်ပြီး Winner ဆုရရှိဖို့အတွက် ကိုယ့်ရဲ့စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတွေကိုကော ညီမဘယ်လိုပြင်ဆင်ထားခဲ့လဲ။**

ဖြေ။ ။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကတော့ ညီမတို့ရဲ့ Universe ထဲမှာ Confidence with beautiful ပေါ့။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိရှိ နေရမယ်။ ပြီးတော့ Inner beauty လည်း လိုတယ်ပေါ့။ အဲဒီနှစ်ခုပေါင်းစပ်ပြီး ကျော်ဖြတ်လာတယ်လို့ပဲထင်ပါတယ်။

**မေး။ ။ ယှဉ်ပြိုင်နေစဉ် ကာလတစ်လျှောက်လုံး ညီမစိတ်အလှုပ်ရှားဆုံးအချိန် ရှိခဲ့ရင် ပြောပြပေးပါဦး။**

ဖြေ။ ။ ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် စိတ်အလှုပ်ရှားဆုံးအချိန်ကတော့ ညီမတို့ opening ground မှာ ထွက်လာတဲ့အချိန်ပါ။ ညီမတို့ထွက်လာတဲ့အချိန်မှာ လက်ခုပ်သံတွေ အကျယ်ကြီး ကြားရတယ်။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် သတိအလွန်ထားခဲ့ရတယ်။ ငါအကောင်းဆုံးလုပ်မှဖြစ်မယ်။ အမှားပါလို့မဖြစ်ဘူး။ အတတ်နိုင်ဆုံး ကြိုးစားရမယ်ဆိုတဲ့စိတ်ဖြစ်ခဲ့ရတယ်။ ပရိသတ်တွေရဲ့လက်ခုပ်သံတွေ၊ အားပေးသံတွေကြားမှာ ညီမတို့ အလွန်စိတ်လှုပ်ရှားခဲ့ရပါတယ်။

**မေး။ ။ ပြိုင်ပွဲကနေ ရရှိခဲ့တဲ့ အတွေ့အကြုံတွေကကော ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ ပြိုင်ပွဲမှာရရှိခဲ့တဲ့ အတွေ့အကြုံတွေကတော့ မိန်းမသားတစ်ယောက်အနေနဲ့ အပြင်ပန်းလှပရုံမဟုတ်ဘဲ Inner beauty လှရမယ်။ Confidence ရှိရမယ်ဆိုတဲ့ သင်ခန်းစာတွေရခဲ့ပါတယ်။ အားနည်းချက်ကတော့ Body ပိုင်းကို သိပ်အားမရခဲ့ပါဘူး။

**မေး။ ။ ပြိုင်ပွဲဝင် အလှမယ်အများစုက General knowledge သိပ်မရကြဘူးလို့ ပြောနေကြတဲ့အပေါ်မှာရော ညီမအနေနဲ့ ဘယ်လို ထင်မြင်ယူဆမိလဲ။**

ဖြေ။ ။ General knowledge မှာ အားနည်းတယ်ဆိုတာကတော့ ညီမတို့ကိုသူတို့ထင်လိုက်တဲ့ ဆုံးဖြတ်တဲ့နေရာမှာ စတိတ်ပေါ်မှာ ညီမတို့ General knowledge အားနည်းသလိုဖြစ်သွားတာပေါ့။ အဲဒါက ညီမတို့အနေနဲ့ကျတော့ အလွန်ကိုစိတ်လှုပ်ရှားပြီး nervous ဖြစ်တဲ့ထိ ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မေးခွန်းအမေးအဖြေပိုင်းမှာ တော်တော်လေးလိုအပ်ချက်ရှိသွားတယ်။ အဲဒါကြောင့်ပဲ သူတို့ပြောတယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ညီမတို့လည်း Miss တစ်ယောက်အနေနဲ့ အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။

**မေး။ ။ နိုင်ငံ့ကိုယ်စားပြုအနေနဲ့ နိုင်ငံတကာအလယ်မှာ သွားရောက်ယှဉ်ပြိုင်ရတော့မယ်။ အဲဒီအတွက်ကော ညီမဘယ်လိုပြင်ဆင်မှုတွေ လုပ်သွားမလဲ။**

ဖြေ။ ။ ညီမ International မှာသွားပြိုင်ရင်တော့ အဓိက Body ပိုင်းလိုတယ်ပေါ့နော်။ နောက်ပြီး ဒီထက်ပိုပြီး Confidence ရှိအောင်လည်း ကြိုးစားရမယ်လို့ထင်ပါတယ်။

**မေး။ ။ ဒီနိုင်ငံတကာ ပြိုင်ပွဲကြီးကနေ ညီမအနေနဲ့ Winner ဆု ယူလာနိုင်မယ်လို့ မျှော်လင့်ထားလား။**

ဖြေ။ ။ နိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် ညီမအတွက် အလွန်တာဝန်ကြီးပါတယ်။ ပွဲကလည်းကြီးတော့ အကောင်းဆုံးတော့ ကြိုးစားမှာပါ။ ဒါပေမယ့် ညီမမျှော်တော့ မမျှော်လင့်ရဲဘူး။

**မေး။ ။ ညီမကို အားပေးနေတဲ့ ပရိသတ်ကြီးကို ဘာတွေများပြောပြချင်သေးလဲ။**

ဖြေ။ ။ ညီမက ကျိုင်းတုံ တာချီလိတ်မှာနေပြီးတော့ ပဲခူးကိုယ်စားပြုပြိုင်တယ်။ ညီမအနေနဲ့ကတော့ မြို့သုံးမြို့လုံးကို ကိုယ်စားပြုသလို ဖြစ်နေတယ်။ မြို့သုံးမြို့လုံးက ပရိသတ်တွေရဲ့အားပေးမှုတွေ၊ ချစ်ခင်မှုတွေ ရခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဆုကိုရခဲ့တဲ့အတွက် ပဲခူးမြို့က ပရိသတ်တွေလည်း ကျေနပ်လိမ့်မယ်ထင်ပါတယ်။ ကျိုင်းတုံ တာချီလိတ်က ပရိသတ်တွေလည်း ကျေနပ်ချစ်ခင်ကြလိမ့်မယ်ထင်ပါတယ်။ အားပေးချစ်ခင်မှုတွေ ဆက်ပြီးရရှိအောင်လည်း ညီမထပ်ကြိုးစားသွားဦးမှာပါ။ အားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-အေးမင်းသူ**

# ဆဋ္ဌမအကြိမ်မြောက် သာမဏေဝါဆိုသက်န်းနှင့် သီလရှင်ဝတ်စုံလှူဒါန်းပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁**
ပရဟိတအကျိုးဆောင်အလှူရှင်များ(ရန်ကုန်မြို့)၏ ဆဋ္ဌမအကြိမ်မြောက် သာမဏေဝါဆိုသက်န်းနှင့် သီလရှင်ဝတ်စုံလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကျက်သရေဆောင် ဇီနမာရ်အောင်စေတီတော်အတွင်းရှိ ဝိမုတ္တိရသဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြပြီး အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပရဟိတအကျိုးဆောင်အလှူရှင်များ (ရန်ကုန်မြို့)ကိုယ်စား ဦးဝင်းကျော်နိုင်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရား ချီးမြှင့်တော်မူသည်။

ပရဟိတအကျိုးဆောင်အလှူရှင်များ(ရန်ကုန်မြို့)၏ (၃၁)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဗလာစာအုပ်များ၊ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ၊ ဆဋ္ဌမအကြိမ်မြောက် စာသင်သား သာမဏေအပါး ၁၈၀၀ အတွက် ကိုယ်ရုံ၊ ခြင်ထောင်၊ သက်န်းနှင့် သီလရှင်အပါး ၆၀၀ အတွက် ဝတ်စုံများကိုလှူဒါန်းခဲ့ပြီး စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ဇီနမာရ်အောင်စေတီတော် ဝိမုတ္တိရသဓမ္မာရုံကြီး၌ သာသနာပြုနယ်လှည့် ဓမ္မကထိကဆရာတော် စစ်ကိုင်း အရှင်ခေမိန္ဒက "ကျေးဇူးရှင်" တရားတော်ကို ချီးမြှင့်တော်မူခဲ့သည်။ **(သတင်းစဉ်)**

# ရှေ့မိုင်းယောင်းသားများ သီတင်းကျွတ်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်

**မိုင်းယောင်း အောက်တိုဘာ ၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့)တွင် ကောင်းမှုကုသိုလ်အတွက် ဆင်ရုပ်၊ မြင်းရုပ်၊ ငှက်ရုပ်များပြုလုပ်၍ ရိုးရာဓလေ့နှင့်အညီ ပူဇော်လှူဒါန်းရန် ရှေ့မိုင်းယောင်းသားများ ကြိုတင်ပြင်ဆင်နေကြောင်း သိရသည်။



မိုင်းယောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်ပွဲတော်ကို တစ်နှစ်လျှင်တစ်ရွာ ကျေးရွာဘုန်းကြီးကျောင်း၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့)တွင် ဘဝသံသရာအတွက် ကောင်းမှုကုသိုလ်အဖြစ်ရည်စူး၍ ဆင်ရုပ်၊ မြင်းရုပ်၊ ငှက်ရုပ်နှင့် အခြားအရုပ်များကို မိမိတို့စိတ်ကြိုက်ပုံဖော်ဖန်တီးပြီး ယင်းအရုပ်များပေါ်တွင် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆင်ယင်လှူဒါန်းခြင်း၊ ရွှေအိုးငွေအိုးများ လှူဒါန်းခြင်းတို့အပြင် စက်ဘီး၊ ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ သုံးဘီးဆိုင်ကယ်၊ ပန်ကာ၊ အဝတ်လျှော်စက်၊ အပ်ချုပ်စက်၊ လက်ကိုင်ဖုန်းနှင့် အခြားလှူဖွယ် ဝတ္ထုပစ္စည်းများဖြင့် သီတင်းကျွတ်ပွဲတော်တွင် စုပေါင်းလှူဒါန်းသည့် ဓလေ့အစဉ်အလာကို ရှေ့မိုင်းယောင်း သားများ ယနေ့အထိ ဂုဏ်ယူမြတ်နိုး တန်ဖိုးထားဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂိုဏ်းပေါင်းစုံ သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၁**
ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုဏ္ဍဇိဗလ၏ဩဝါဒကိုခံယူ၍ မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော ဂိုဏ်းပေါင်းစုံ သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီက မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

သင်တန်းကို စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပပြီး တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ဩဝါဒချီးမြှင့်ကာ သင်တန်းမှူးဆရာတော် အပါး ၂၂၀ တို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝနှင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေး အသင်းအဖွဲ့များက လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။ **ကျော်ဝင်း(မှုဝံ)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉၈ စီး၊ သွင်းကုန် ၅၆၉ စီး၊ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇ စီး၊ သွင်းကုန် ၁၁၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၇ ခုနှစ် လက်ရှိကာလအထိ မူးယစ်ဆေးဝါးမှု ၉၆၆ မှု ဖော်ထုတ်အရေးယူနိုင်

**မုံရွာ အောက်တိုဘာ ၁**
စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် လက်ရှိကာလအထိ မူးယစ်ဆေးဝါးမှု ၉၆၆ မှု(ဘိန်းဖြူ ၂၆ ဒသမ ၃၄၉၇၉ ကီလိုဂရမ်၊ ဘိန်းမဲ ၃၂ ဒသမ ၁၄၄၃၁ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၁၄၃၃ ပြားနှင့် အခြားမူးယစ်ဆေးဝါးမျိုးစုံ သုည ဒသမ ၇၈၄၅၇ ကီလိုဂရမ်)တို့ကို ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် အများပြည်သူကို အသိပေးခဲ့သည်။

"ခေတ်ဟောင်းစနစ်ဟောင်းက မှားယွင်းကျင့်သုံးခဲ့တဲ့ အမူအကျင့်၊ အတွေးအခေါ်၊ ပြုမူပြောဆိုဆက်ဆံမှုတွေကိုဖယ်ရှားပြီး ဒီမိုကရေစီစံနှုန်း၊ နိုင်ငံတကာစံနှုန်း၊ လူ့အခွင့်အရေးစံနှုန်းစတာတွေကို အလေးထားပြီး ပြည်သူကို ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်နိုင်မယ့် ရဲတပ်ဖွဲ့ဝင်တွေအဖြစ် ကြိုးပမ်းအားထုတ်ကြဖို့လိုပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေ ကျွမ်းကျင်တတ်သိစေဖို့နဲ့ ခေတ်မီအသိပညာဗဟုသုတ တိုးပွားဖို့အတွက် နည်းပညာဆိုင်ရာ စွမ်းရည်တွေလိုအပ်ပါတယ်"ဟု ဒေါက်တာမြင့်နိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ်က မူးယစ်ဆေးဝါးမှု ၁၂၇၁ မှု(ဘိန်းဖြူ ၉ ဒသမ ၆၅၀၉၅ ကီလိုဂရမ်၊ ဘိန်းမဲ ၈၈ ဒသမ ၃၄၃၄၁ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၉၉၀ နှင့် အခြားမူးယစ်ဆေးဝါးပေါင်းစုံ ၁၂၄ ဒသမ ၉၇၆၇၄ ကီလိုဂရမ်)တို့ကို ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

"၂၀၁၇ ခုနှစ် ဇွန် ၃ ရက်က ကျွန်တော်နဲ့အဖွဲ့ဟာ စိုးမြင့်ထွန်းအောင် မောင်းလာတဲ့ မော်တော်ယာဉ်ကို စစ်ဆေးတဲ့အခါ ငွေကျပ် ၂၄၀၉ သိန်းတန်ဖိုးရှိတဲ့ ဖြူဝါရောင်အမှုန့် အလေးချိန် ၂၄၀၉ ဂရမ်နဲ့ ငွေကျပ် ၉၇၅၀ သိန်းတန်ဖိုးရှိတဲ့ 88/1 စာတန်းပါ စိတ်ကြွဆေး ၁၉၅ ပြားပါ အထုပ် ၁၀၀၀ စုစုပေါင်း ငွေကျပ် ၁၂၁၅၉ သိန်း သိမ်းဆည်းရမိ အောင် ဆောင်ရွက်လို့ဆိုပြီး ဆုချီးမြှင့်ခံရတာ ဖြစ်ပါတယ်"ဟု အင်းတော်မြို့နယ် နဘားရဲကင်း ရဲစခန်းမှူး ရဲအုပ်ခင်ဇော်ထိုက်က ပြောသည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေနိုင်သည့် တရားမဝင်သစ်မှောင်ခိုမှုသည် ၂၀၁၆ ခုနှစ်တွင် ၄၉၂ မှု(သစ်မျိုးစုံ တန်ချိန်ပေါင်း ၁၈၁၈ ဒသမ ၈၁၆ တန်)ကို အရေးယူနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် လက်ရှိကာလအထိ သစ်မှောင်ခိုမှု ၃၇၈ မှု (သစ်မျိုးစုံ တန်ချိန် ပေါင်း ၁၂၀၇ ဒသမ ၆၉ တန်) အရေးယူနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

**ညောင်လေးပင် အောက်တိုဘာ ၁**
နိုင်ငံတစ်ဝန်းတွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာကိုဦးက ကြိုဆိုနှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းပို့ချရာတွင် ဒေါက်တာကိုဦးက ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်ရခြင်း အကြောင်းရင်းများ၊ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းအစီအစဉ်၊ ကာကွယ်ဆေးထိုးနှံရန်ပါဝင်သောအသက်အပိုင်းအခြား၊ ကာကွယ်ဆေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းသုံးပစ္စည်းလိုအပ်ချက် သိုလှောင်ခြင်းနှင့် သယ်ယူ ဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးရန်စုရပ်ပြင်ဆင်ခြင်း၊ အသုံးပြုပုံနှင့် စွန့်ပစ်ပုံများ၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကို RCA ဖြင့်ခန့်မှန်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းပေးပို့ခြင်းတို့ကို အနုစိတ် Micro Plan များ ရေးဆွဲထားနိုင်ရေးတို့ကို ပရိုဂျက်တာဖြင့်ပြသကာ စာတွေ့လက်တွေ့သင်ကြားခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်၍ သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံဆရာဝန်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်း ၁၁၆ ဦး တက်ရောက်ခဲ့သည်။ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို မြန်မာနိုင်ငံတစ်ဝန်းတွင် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း အသက်ကိုးလမှ (၁၅)နှစ်အတွင်းရှိကလေးများအား ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်နှင့် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်များဖြင့် ထိုးနှံပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ၂၂ ဘီးယာဉ် အရှိန်လွန်၍ ရေမြောင်းအတွင်းထိုးကျ

**ရေတာရှည် အောက်တိုဘာ ၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက်ရှိ သပြေတန်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၌ ယနေ့နံနက် ၈ နာရီခန့်က ကွန်ကရစ်မီးတိုင်များ တင်ဆောင်လာသော ၂၂ ဘီးယာဉ် အရှိန်လွန်ထိုးကျခဲ့ကြောင်း သိရသည်။




ကားလမ်းအတိုင်း တောင်မှမြောက်သို့ ကိုကိုချစ်(၂၂)နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မလှလှဌေး(၂၃)နှစ်လိုက်ပါလာသော ၂၂ ဘီး ကုန်တင်ယာဉ်သည် မိုင်တိုင်အမှတ် (၁၉၅/၂-၃)အကြား သပြေတန်းကျေးရွာမြောက်ဘက်ကွေ့ အရောက် အရှိန်လွန်ကာ လမ်းအရှေ့ဘက်ရှိ ပေ ၂၀ ခန့်နက်သည့် မြောင်းအတွင်းသို့ ထိုးကျသွားခဲ့သည်။

ယာဉ်ထိုးကျစဉ် နောက်တွဲပေါ်၌ တင်ဆောင်ထားသော ကွန်ကရစ်မီးတိုင်များက ယာဉ်၏ရှေ့ဦးခေါင်းပိုင်းကို ထိုးဖောက်ဝင်ရောက်သွားခဲ့ပြီး မလှလှဌေးမှာ ကွန်ကရစ်မီးတိုင်နှင့် ထိုးမိပြီး ရှေ့လေကာမှန်နှင့်အတူ အပြင်သို့လွင့်စင် ကျသွားခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက ယာဉ်မောင်း ကိုကိုချစ်အား အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# စတန်းဖို့ဒ်ဘရစ်ချ်သို့ ပိုမိုတောင့်တင်းသည့် ကစားသမားအဖြစ် ပြန်လာနိုင်ခဲ့ဟု ဒီဘရိုင်း ကြွေးကြော်



ဒီဘရိုင်းက ချယ်လ်ဆီး၏စွန့်ပစ်ခံကစားသမားအဖြစ်မှ ပိုမိုကောင်းမွန်သည့် ကစားသမားအဖြစ် အသင်းဟောင်း ချယ်လ်ဆီးရဲ့ အိမ်ကွင်း စတန်းဖို့ဒ်ဘရစ်ချ်သို့ပြန်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း ကြွေးကြော်ခဲ့သည်။ ဒီဘရိုင်းမှာချယ်လ်ဆီးနှင့်မန်စီးတီးတို့ ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်စီးတီးအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကိုသွင်းယူနိုင်ခဲ့ပြီး အထက်ပါအတိုင်း ကြွေးကြော်ခဲ့ခြင်းဖြစ်သည်။

ဒီဘရိုင်းယှဉ်ပြိုင်ခဲ့တဲ့ကစားပုံကိုကြည့်ပြီး ချယ်လ်ဆီးပရိသတ်များ က ဒီဘရိုင်းကို ဝုဖ်ဘတ်အသင်းသို့ ထုတ်ရောင်းခဲ့တဲ့ နည်းပြမော်ရင်ဟိုရဲ့ ဆုံးဖြတ်ချက်အပေါ် ဒေါသထွက်မိကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားခဲ့ကြသည်ကိုလည်း တွေ့ခဲ့ရသည်။

ယင်းပွဲအပြီးတွင် ဒီဘရိုင်းက "ဘာပဲဖြစ်ခဲ့၊ ဖြစ်ခဲ့၊ ကျွန်တော်ဒီနေရာကို ပြန်လာရတာ နောင်တရစရာ လုံးဝမရှိပါဘူး။ ဒီနေရာကို ပိုတောင့်တင်းတဲ့ ကစားသမားအဖြစ် ပြန်လာခဲ့တာပါ။ ဒီဖြစ်ရပ်က ကျွန်တော့်အသက်မွေးဝမ်းကျောင်းကာလတစ်လျှောက် ထင်ရှားတဲ့ဖြစ်ရပ်ပါ" ဟု ပြောကြားခဲ့သည်။

ချယ်လ်ဆီးကစားသမားဟောင်း ဒီဘရိုင်းကအဆိုပါပွဲစဉ်တွင် ဂိုးရနိုင်လောက်တဲ့ဘောလုံးပေးပို့မှုခြောက်ကြိမ်၊ ပြိုင်ဘက် ဧရိယာတစ်ဝက်ကျော်တွင် ပေးပို့မှုပေါင်း ၄၇ ကြိမ်အထိအောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။ ဒီဘရိုင်းကို လက်ရှိမန်ယူနည်းပြမော်ရင်ဟိုက ချယ်လ်ဆီးအသင်းကိုကိုင်တွယ်စဉ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ဘွန်ဒက်စ်လီဂါကလပ် ဝုဖ်ဘတ်အသင်းသို့ ထုတ်ရောင်းခဲ့ခြင်းဖြစ်သည်။ လက်ရှိချယ်လ်ဆီးနည်းပြကွန်တီက ဒီဘရိုင်းကို ပြီးပြည့်စုံတဲ့ကစားသမားဟု အမည်တပ်ပြီး ချီးမွမ်းခဲ့သလို ပြေးအား၊ တိုးအား အလွန်ကောင်းသည့်ကစားသမားဟူ၍လည်း ချီးကျူးစကားဆိုခဲ့သည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာကလည်း ဒီဘရိုင်းလိုခြေစွမ်းကောင်းပြီး ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်တဲ့ ကစားသမားကို ပိုင်ဆိုင်ထားတဲ့ မန်စီးတီး အနေဖြင့် အင်မတန်ကံကောင်းကြောင်း ဆိုခဲ့သည်။မန်စီးတီးသည် ဒီဘရိုင်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင်ဝုဖ်ဘတ်မှ ပေါင် ၅၅ သန်းဖြင့် ခေါ်ယူခဲ့ပြီး ချယ်လ်ဆီးအသင်းဘက်ကို ပင်နယ်တီဧရိယာအပြင်ဘက်မှ ဘယ်ခြေဖြင့် အပြင်းကန်သွင်းကာတစ်လုံးတည်းသောအနိုင်ဂိုးကိုသွင်းယူခဲ့ခြင်းဖြစ်သည်။ ဒီဘရိုင်း မန်စီးတီးအတွက်နောက်ဆုံးသွင်းယူခဲ့သည့် ၁၁ ဂိုးတွင် ကိုးဂိုးကို ပင်နယ်တီဧရိယာအပြင်ဘက်မှသွင်းယူခဲ့ခြင်းမှာလည်း ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။

မန်စီးတီးနည်းပြဂွါဒီယိုလာက ဒီဘရိုင်းမှာနေရာစုံတွင်ကစားနိုင်သော ထူးခြားသည့်အရည်အသွေးရှိသူဖြစ်ပြီး ယင်းသို့ထူးချွန်သည့်ကစားသမား တစ်ဦးကိုရှာဖွေရန်မလွယ်ကူဟု မှတ်ချက်ပြုခဲ့သည်။ မန်စီးတီးမှာလက်ရှိ ချန်ပီယံချယ်လ်ဆီးကို အဝေးကွင်းတွင် အနိုင်ရရှိအောင်ကစားနိုင်ခဲ့သဖြင့် ချိုမြိန်တဲ့အောင်ပွဲဖြစ်ခဲ့သလို ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့သည်။

# မန်စီးတီးအတွက် အဂွဲရိုးတစ်ပွဲသာလွဲချော်နိုင်ဖွယ်ရှိ



မန်စီးတီးတိုက်စစ်မှူး အဂွဲရိုးမှာ အမ်စတာဒမ်တွင်ဖြစ်ခဲ့သော ကားမတော်တဆမှုကြောင့် အနည်းဆုံး နှစ်ပတ်မှလေးပတ်ကြာ အနားယူရမည်ဖြစ်သော်လည်း နိုင်ငံတကာပွဲစဉ်များကြောင့် ချယ်လ်ဆီးနှင့်ယှဉ်ပြိုင်သည့်ပွဲစဉ် တစ်ပွဲသာလွဲချော်မည်ဟု The Sun သတင်းဌာန၌ ဖော်ပြခဲ့သည်။ အဂွဲရိုးမှာ ချန်ပီယံလိဂ်ပွဲစဉ်ယှဉ်ပြိုင်အပြီး ချယ်လ်ဆီးနှင့်ပွဲစဉ်မတိုင်မီ ကြားရက်တွင်နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တွင် မာလူမာ၏ဖျော်ဖြေပွဲသို့ သွားရောက်ကြည့်ရှုပြီးအပြန် လေဆိပ်သို့လာရောက်စဉ် ကားမတော်တဆမှုဖြစ်ခဲ့ခြင်းဖြစ်သည်။

ယင်းမတော်တဆဖြစ်မှုကြောင့် နံရိုးနှစ်ချောင်းကျိုးသွားခဲ့ပြီး အစောပိုင်းက လေးပတ်အထိ အနားယူရမည်ဟု မှန်းဆခဲ့သော်လည်း ယခုမူစတုတ်စီးတီးနှင့် အောက်တိုဘာ ၁၄ ရက်တွင်ယှဉ်ပြိုင်မည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ကြံ့ခိုင်မှုပြည့်ဝနေမည်ဖြစ်သည်။ သို့သော် နာပိုလီ၊ ဘန်လေ၊ ဝုဖ်နှင့် ဝက်စ်ဘရွန်းအသင်းတို့နှင့် ပွဲစဉ်များတွင် ပါဝင်မည်မဟုတ်ကြောင်း သိရသည်။ အာဆင်နယ်ကစားသမားဟောင်း မာတင်ကီယွန်က ပွဲဆက်များနေသည့်ကာလတွင် နိုင်ငံပင်ကျော်၍ ဖျော်ဖြေပွဲကြည့်ရှုခဲ့သည့် အဂွဲရိုး၏ လုပ်ရပ်မှာ ပရော်ဖက်ရှင်နယ်မဆန်ကြောင်း ဝေဖန်ခဲ့သော်လည်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက ကစားသမားများ ကွင်းတွင်းစွမ်းဆောင်ရည်ကောင်းမွန်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အနားယူရန်လိုအပ်ကြောင်း ကာကွယ်ပြောကြားခဲ့သည်။

# အာဆင်နယ်နည်းပြအဖြစ်မှလွဲပြီး မည်သည့်အသင်းကိုမျှ ယခုနှစ်ရာသီအတွင်း အန်စလော့တီကိုင်တွယ်ရန်စိတ်ကူးမရှိ

ဘိုင်ယန်မြူးနစ်အသင်းကထုတ်ပယ်ခံလိုက်ရသည့်အီတလီနိုင်ငံသား ဝါရင့်နည်းပြကြီး အန်စလော့တီကိုအေစီမီလန်၊ ဝက်စ်ဟမ်းအသင်းတို့မှချိတ်ဆက်နေသည်ဟု သတင်းထွက်နေသော်လည်း အာဆင်နယ်နည်းပြအဖြစ်မှလွဲပြီး ကျန်မည်သည့်ကမ်းလှမ်းမှုကိုမျှ ယခုနှစ်အတွင်း လက်ခံရန်အစီအစဉ်မရှိကြောင်း သတင်းရင်းမြစ်များကဖော်ပြသည်။ ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ခဲ့သည့်ချန်ပီယံလိဂ်ပွဲစဉ်တွင် ပီအက်စ်ဂျီကိုသုံးဂိုးပြတ်ဖြင့် အရေးနိမ့်ပြီးနောက် ဘိုင်ယန်အသင်းက နည်းပြအန်စလော့တီကို နည်းပြအဖြစ်မှထုတ်ပယ်ကာ လက်ထောက်နည်းပြဆန်ညောကို ယာယီနည်းပြအဖြစ်ခန့်အပ်ခဲ့သည်။



အန်စလော့တီမှာ အေစီမီလန်အသင်းကိုကိုင်တွယ်စဉ်က ၂၀၀၃ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ရာ ဘိုင်ယန်ကသူ့ကိုထုတ်ပယ်ခဲ့ပြီးနောက် အသင်းဟောင်းအေစီမီလန်က ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် အန်စလော့တီက နည်းပြဝင်းဂါး၏ အာဆင်နယ်နည်းပြထိုင်ခုံကိုသာမျက်စိကျနေပြီး ယင်းရာထူးမှလွဲပြီး အခြားမည်သည့်နေရာအတွက်မျှ ယခုနှစ်ရာသီအတွင်း ဆောင်ရွက်မည်မဟုတ်ကြောင်း နီးစပ်သူများ၏အဆိုအရ သိရသည်။

လက်ရှိအာဆင်နယ်နည်းပြ ဝင်းဂါးမှာ ပြီးခဲ့သည့်မေလကမှ အာဆင်နယ်အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သူဖြစ်ပြီး အာဆင်နယ်နည်းပြအဖြစ် နှစ် ၂၀ကျော်ကြာ တာဝန်ယူထားနိုင်သူဖြစ်သည်။ ပြီးခဲ့သည့်ရာသီအတွင်း ရလဒ်ဆိုးများကြောင့် ပရိသတ်များက ဒရုန်းများတွင် ဝင်းဂါးအလိုမရှိစာသားပါ ပဝါစများ ချိတ်ဆွဲပြီး တစ်ဖုံ၊ ဆိုင်းဘုတ်များကိုင်ပြီး တစ်သွယ် အော်ဟစ်၍ တစ်မျိုး ဆန့်ကျင်ခဲ့ကြသော်လည်း အသင်းပိုင်ရှင်ခရွန်ကီက ဝင်းဂါးကို နှစ်နှစ်သက်တမ်းတိုးစာချုပ်ကို ခေါင်းမာမာဖြင့်ကမ်းလှမ်းခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီပရီမီယာလိဂ်တွင် ရလဒ်ပိုင်း အကောင်းကြီး မဟုတ်သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် လူငယ်ကစားသမားများဖြင့်ရလဒ်များ ကောင်းမွန်နေသည်။

ဘုတ်အဖွဲ့ဝင်များ၏ အပြည့်အဝထောက်ခံမှုရရှိထားသော ဝင်းဂါးကို ထုတ်ပယ်ရန်မှာ ရာနှုန်းအတော်နည်းသည့်ကိစ္စဖြစ်သော်လည်း အန်စလော့တီက ပရီမီယာလိဂ်ကလပ်အာဆင်နယ်ကိုကိုင်တွယ်ရေးကသာ သူ၏ဦးစားပေးပစ်မှတ်အဖြစ်ရည်ရွယ်ထားကြောင်း သတင်းထွက်လာခဲ့ခြင်းဖြစ်သည်။ အန်စလော့တီသည် ပရီမီယာလိဂ်အသင်း ချယ်လ်ဆီးကို ၂၀၁၀ခုနှစ်တွင် ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း နောက်နှစ်ဘောလုံးရာသီမှာပင်ထုတ်ပယ်ခံခဲ့ရဖူးသည်။

**မေလွဲ့သင်း-စုစည်းသည်**

# မိုရာတာ တံကောက်ကြောဒဏ်ရာရရှိ



ချယ်လ်ဆီးတိုက်စစ်မှူး မိုရာတာမှာ မန်စီးတီးနှင့်ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်အတွင်း ပထမပိုင်းအပြီးမှာပင် ဒဏ်ရာရရှိခဲ့ပြီး ကွင်းလယ်လူ ဝီလီယံနှင့် လူစားလဲခဲ့ရသည်။ မိုရာတာမှာ ကြွက်သားဆိုင်ရာတံကောက်ကြောဒဏ်ရာ ရရှိသွားခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းအတွက် ကြီးမားသည့်ထိုးနှက်ချက်ဖြစ်လာခဲ့သည်။ မိုရာတာမှာ ရီးယဲလ်မှချယ်လ်ဆီးသို့ ရောက်ရှိလာခဲ့ပြီးနောက် ခုနစ်ပွဲဝင်ရောက်ကစားပြီး ခုနစ်ဂိုးသွင်းယူနိုင်သည့် တိုက်စစ်မှူးဖြစ်သည်။

ချယ်လ်ဆီးနည်းပြကွန်တီက မိုရာတာ ဒဏ်ရာရရှိသွားပြီးနောက် ဝီလီယံကိုထည့်ကာ ဟာဇက်ကို False Nine၊ ဘက်ရှုအာရီကိုအကူတိုက်စစ်နေရာတွင် ထားကာ နည်းစနစ်ပိုင်း ပြောင်းလဲကစားစေခဲ့ရသည်။ သို့သော်အိမ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့်ချယ်လ်ဆီးမှာ ဂိုးပေါက်ပျောက်ခဲ့ကာ မန်စီးတီးကွင်းလယ်လူ ဒီဘရိုင်း၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အရေးနိမ့်ခဲ့ရသည်။ မိုရာတာဒဏ်ရာရရှိခဲ့ခြင်းက ဘက်ရှုအာရီအနေဖြင့်တိုက်စစ်ပိုင်းတွင် နေရာရရှိဖွယ်ပင် ဖြစ်သည်။

# မက်ဆီ၏တိုက်တွန်းမှုကြောင့် ဘာစီလိုနာသို့ ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း ပေါ်လင်ဟိုဖွင့်ဟ

ဘရာဇီး ကွင်းလယ်လူပေါ်လင်ဟိုက စူပါစတား မက်ဆီ၏ တိုက်တွန်းမှုကြောင့် ဘာစီလိုနာသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ စပါးကွင်းလယ်လူဟောင်း ပေါ်လင်ဟိုမှာ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တရုတ်ကလပ် ဂွမ်ဖူးအဲဗာဂရန်းဒ်အသင်းမှ ဘာစီလိုနာသို့ ပေါင်သန်း ၄၀ ဖြင့် မထင်မှတ်ဘဲ ရောက်ရှိလာသူဖြစ်သည်။

ပေါ်လင်ဟိုက ဇွန်လအတွင်းယှဉ်ပြိုင်ခဲ့သည့်ဘရာဇီးနှင့် အာဂျင်တီးနားအသင်းတို့ပွဲစဉ်တွင် မက်ဆီကသူ့ကို ဘာစီလိုနာသို့ လာရောက်ကစားရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ဟခဲ့ခြင်းဖြစ်သည်။ ပေါ်လင်ဟိုက "ဘရာဇီးနဲ့ အာဂျင်တီးနားအသင်းတို့ပွဲမှာ ကျွန်တော်အလွတ်တည်ကန်ဘောကန်ဖို့ ပြင်နေချိန် ကျွန်တော့်နောက်နားမှာ မက်ဆီရောက်နေခဲ့တယ်။ ရုတ်တရက် မက်ဆီက ကျွန်တော့်နားကပ်လာပြီး တို့တွေအတူဘာစီလိုနာကို သွားကြမယ် မဟုတ်လားလို့ ပြောခဲ့တယ်။ ဒါကြောင့်ကျွန်တော်ကလည်း ခင်ဗျားသာ ကျွန်တော့်ကိုအဲဒီနေရာမှာ ကစားစေချင်ရင်လုပ်ပေးနိုင်ပါတယ်လို့ ပြန်ပြောခဲ့ပါတယ်"ဟု ဖွင့်ဟခဲ့သည်။

**အောက်တိုဘာ ၁ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၇**

| | | |
|---|---|---|
| အာဆင်နယ် | ၂ - ၀ | ဘရိုက်တန် |
| အဲဗာတန် | ၀ - ၁ | ဘန်လေ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၇**

| | | |
|---|---|---|
| ဖရိုင်းဘတ် | ၃ - ၂ | ဟော်ဖန်ဟိမ်း |
| ဟာသာဘာလင် | ၂ - ၂ | ဘိုင်ယန်မြူးနစ် |

**စီးရီးအေ ပွဲစဉ် - ၇**

| | | |
|---|---|---|
| ဂျီရိုနာ | ၀ - ၁ | ဘိုလော့နာ |
| နာပိုလီ | ၃ - ၀ | ကယ်ဂလီယာရီ |
| ဘီနီဗန်တို | ၁ - ၂ | အင်တာ |
| ချီယေဗို | ၂ - ၁ | ဖီအိုရင်တီးနား |
| လာဇီယို | ၆ - ၁ | ဆာဆူအိုလို |
| SPAL2013 | ၁ - ၁ | ခရိုတုန်း |
| တိုရီနို | ၂ - ၂ | ဗီရိုနာ |

**စပိန်လာလီဂါ ပွဲစဉ် - ၇**

| | | |
|---|---|---|
| ရီးရဲယ်ဆိုဆီဒက် | ၄ - ၄ | ရီးရဲယ်ဘက်တစ် |
| ဘာစီလိုနာ | ၃ - ၀ | လက်ပါးမက်စ် |

(ခိုင်ဝင်း)

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား စစ်ကိုင်း၌ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၁**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားကို စစ်ကိုင်းမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးလှမျိုးထွန်းက "လူတိုင်းလူတိုင်းသက်တမ်းစေ့သာ နေထိုင်သွားကြရမယ်ဆိုရင် တစ်နေ့အိုမင်းမစွမ်း ဖြစ်လာကြမှာပါ။ တချို့က အိုသော်လည်း စွမ်းကြပါတယ်။ တချို့ကတော့ မစွမ်းနိုင်ကြတော့ပါဘူး။ ကျန်းမာရေးအရနဲ့ စီးပွားရေးအရပါ စွမ်းဆောင်ရည်အားများ လျော့ကျလာတာမျိုးတွေရှိပါတယ်။ အဲဒီလို အိုမင်းမစွမ်းဖြစ်နေတဲ့ အဘိုး၊ အဘွားတွေ၊ သက်ကြီးရွယ်အိုတွေကို ဖေးမကူညီစောင့်ရှောက်ရန်မှာ ကျွန်တော်တို့ လူသားအားလုံးရဲ့ တာဝန်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ရွာထောင်ဘိုးဘွားရိပ်သာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကြီးကြပ်မှုကော်မတီ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က ဘိုးဘွားရိပ်သာ၏ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများနှင့် လက်ရှိ အဘိုး ၁၇ ဦး၊ အဘွား ၃၁ ဦး တို့အား ကျန်းမာရေး၊ စားဝတ်နေရေးစောင့်ရှောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စစ်ကိုင်းခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံမှ ဝန်ထမ်းများ ထောက်ပံ့လှူဒါန်းကြသည့် အလှူငွေများကို တာဝန်ရှိသူများက လက်ခံရယူပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင် (ခရိုင် ပြန်/ဆက်)**

# ဂုတ်ထိပ်တံတားကို ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စား

**မန္တလေး အောက်တိုဘာ ၁**

ဂုတ်ထိပ်တံတားကို ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားပြီး မန္တလေး-လားရှိုးရထားစီး၍လည်းကောင်း၊ နောင်ချိုမြို့မှတစ်ဆင့် မော်တော်ကားများဖြင့်လည်းကောင်း လေ့လာကြသည်။



ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မန္တလေး-လားရှိုးရထားလမ်း၊ နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာတွင် တည်ရှိသည်။ ၁၈၈၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၃ ခုနှစ်တွင် ပြီးစီးကာ ရေနွေးငွေ့ မီးရထားများဖြင့် မောင်းနှင်အသုံးပြုခဲ့သည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံတွင်တည်ဆောက်ခဲ့သော အခြားမီးရထား လမ်းတံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော်တည်ဆောက်ထားခြင်းမဟုတ်ဘဲ နောင်ချိုမြို့နယ်ရှိ ဂုတ်တွင်းခေါ်သော ပေ ၃၀၀ ကျော်မတ်စောက်သည့် လျှိုကြီးနှစ်ဖက်ကို ဖြတ်ကျော် တည်ဆောက်ထားခြင်းဖြစ်သည်။ ဂုတ်တွင်းထိပ်တွင် တည်ဆောက်ထား၍ရှမ်းဘာသာဖြင့် ငုတ်ထိပ်ဟုခေါ်ရာမှ ဂုတ်ထိပ်ဖြစ်လာသည်ဟုဆိုသည်။

ဂုတ်ထိပ်တံတားကြီး၏ အရှည်မှာ ပေ ၂၂၆၀ ရှိသည်။ တံတားကြီးအောက်ခြေ ရေမျက်နှာပြင်မှ တိုင်းတာလျှင် ပေ ၁၁၀၀ မြင့်သည်။ တံတားတည်ဆောက်ရာတွင် သံနှင့် သံမဏိ ၄၃၁၁ တန်နှင့် သံမှိုပေါင်း တစ်သန်းကျော် သုံးစွဲထားသည်။ ပေ ၁၂၀ ရှည်သော အလျားကူးသံပေါင်ကြီး ၁၀ ခု၊ ပေ ၆၀ ရှည်သော အလျားကူးသံပေါင်ကြီး ၁၆ ခုတို့ဖြင့် သံမဏိသံတိုင်ကြီး ၁၆ တိုင်ပေါ်တွင် ခက်ခဲစွာတည်ဆောက်ခဲ့သည်။

ဂုတ်ထိပ်တံတားသည် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား ဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားကာ လာရောက်လေ့လာကြသည်။ ၁၈၉၇ ခုနှစ်တွင် ဗြိတိသျှတို့သည် မန္တလေးမှ လားရှိုး၊ ကွမ်းလုံမီးရထားလမ်းဖောက်လုပ်ရန် လိုအပ်ကြောင်း တွေ့ရှိ၍ နောင်ချိုဘူတာအလွန် ရထားလမ်းမိုင်တိုင်အမှတ် (၄၆၃/၀-၉) ရှိကျောက်ဂူကြီး အပေါ်သို့ဖြတ်၍ တောင်ထိပ်နှစ်ခုကို ဆက်သွယ်ထားသော ဂုတ်ထိပ်တံတားကို တည်ဆောက်ခဲ့သည်။ ဗြိတိသျှအစိုးရသည် အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားနှင့် မေရီလန်းတံတား ဆောက်လုပ်ရေးကုမ္ပဏီကို ငှားရမ်းကာ ဆောက်လုပ်စေခဲ့သည်။ ကုန်ကျငွေကျပ် ၁၆၉၈၂၀၀ ဖြစ်သည်။

ဂုတ်ထိပ်တံတားကြီးကို ဒုတိယကမ္ဘာစစ်တွင် မဟာမိတ်တို့၏ မြေလှန်စနစ်အရ ဖျက်ဆီးခြင်းခံခဲ့ရသည်။ တံတားသံတိုင်အမှတ် (၂) နှင့် (၅) သာ ပျက်စီးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသော ဂျပန်တို့သည် တံတား၏အမြင့်ဆုံး သံတိုင်အမှတ် ၉၊ ၁၀၊ ၁၁၊ ၁၂ တို့ကို အောက်ခြေမှစတင်၍ ဗုံးခွဲဖျက်ဆီးခဲ့သည်။ သံတိုင်အမှတ် (၉) မှာ အနည်းငယ်သာပျက်စီးခဲ့ပြီး သံတိုင်အမှတ် (၁၀) နှင့် (၁၁) တို့မှာ ပြိုလဲခဲ့သည်။ထိုတိုင်များပေါ်ရှိ ပေ ၁၂၀ ရှည်သော ပေါင်းကူးသံပေါင်လေးခုမှာ မြေသို့လျှောကျခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နိုင်ငံခြားကုမ္ပဏီများ ငှားရမ်း၍ ပြင်ဆင်ရန် စီစဉ်ခဲ့သော်လည်း တင်ဒါဈေးနှုန်းကြီးမြင့်မှုကြောင့် ပြင်ဆင်ရန်ခက်ခဲ၍ ၁၉၄၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံမီးရထားဌာနက ဦးစီး၍ ပြင်ဆင်ခဲ့သည်။ ပစ္စည်းသယ်ယူပို့ဆောင်ရေးခက်ခဲသဖြင့် ၁၉၅၁ ခုနှစ် ဩဂုတ်လတွင် ပြင်ဆင်ပြီးစီးခဲ့ပြီး ကုန်ကျစရိတ် ကျပ် ၃၂ သိန်းခန့်ရှိခဲ့သည်။

ဂုတ်ထိပ်တံတား တည်ဆောက်မှု နည်းပညာမြင့်မားပြီး ပတ်ဝန်းကျင် သာယာလှပမှုကြောင့်ထင်ရှားကျော်ကြားပြီးကမ္ဘာအံ့ဖွယ်စာရင်းတွင် ပါဝင်ခဲ့ရာ ပြည်တွင်းပြည်ပ ဧည့်သည်များ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ဖလမ်းမြို့အနီး ဆူရ်ဘုန်တောင်တန်းကြီးပေါ်တွင် ဖလမ်းဆူရ်ဘုန်လေယာဉ်ကွင်းအား အရှိန်အဟုန်ဖြင့်တည်ဆောက်

**ဖလမ်း အောက်တိုဘာ ၁**

ဖလမ်းမြို့အနီး ဖလမ်းမြို့မှ ရှစ်မိုင်ကျော်အကွာ ရိခေါဒါရ်မြို့ သွားရာလမ်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၉၀၀ ရှိ ဆူရ်ဘုန်တောင်တန်းကြီးပေါ်တွင် ချင်းပြည်နယ်၏ ပထမဆုံး လေယာဉ်ကွင်း ဖလမ်းဆူရ်ဘုန်လေဆိပ်ကို ငါးနှစ်စီမံကိန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ အရှိန်အဟုန်ဖြင့် စတင်တည်ဆောက်လျက်ရှိရာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်းရှိ ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုအဆင်ပြေကောင်းမွန်ပြီး ဒေသတွင်းခရီးသွားနှုန်း မြင့်တက်လာစေရန်၊ လာရောက်လည်ပတ်မည့် ပြည်တွင်းပြည်ပ ခရီးသည်များ အလွယ်တကူလာရောက်နိုင်စေရန်နှင့် လက်ရှိဖော်ဆောင်နေသော သဘာဝအခြေပြုခရီးသွားလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် ရည်ရွယ်ဆောက်လုပ်ခြင်း ဖြစ်သည်။

ယင်း လေယာဉ်ကွင်း တည်ဆောက်ရန် စီမံကိန်းတစ်ခုလုံးအတွက် နိုင်ငံတော်က ရန်ပုံငွေ ကျပ် ၂၅ ဘီလီယံ အသုံးပြုရန်လျာထားပြီး ယခုအချိန်တွင် ငွေကျပ်သန်းပေါင်း ၂၉၀၀ အထိအသုံးပြုထားပြီးဖြစ်ကြောင်း၊ လေယာဉ်ကွင်း တည်ဆောက်မှုပြီးစီးပါက ART - 72 လေယာဉ်များပါ ဆင်းသက်နိုင်ရန် ခံနိုင်ရည်စွမ်းအား ပေါင် ၅၀၀၀၀ ရှိသော လေယာဉ်ပြေးလမ်း အရှည်ပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀ နှင့် လေယာဉ်ရပ်နားရန်နေရာကို အလျားပေ ၂၅၀ ၊ အနံ ပေ ၂၅၀ သတ်မှတ်ထားကြောင်း၊ အလျား ပေ ၂၀၀၊ အနံ ၈၆ ပေရှိ လေဆိပ်အဆောက်အအုံနှင့် Control Tower များကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ကွင်း တည်ဆောက်ပြီးစီးသွားပါက ချင်းပြည်နယ်မြောက်ပိုင်းရှိ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ရိခေါဒါရ်မြို့များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တို့နှင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်ရန် လွယ်ကူလာမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် တံခါးပေါက်တစ်ခုဖြစ်လာမည့် ဖလမ်းလေယာဉ်ကွင်း ဆူရ်ဘုန်လေဆိပ်သည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် ချင်းပြည်နယ်သည် လေယာဉ်ကွင်းမရှိသေးသည့် တစ်ခုတည်းသောပြည်နယ်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**





မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မဟာအောင်မြေမြို့နယ် ၄၁ လမ်းနှင့် ၄၃ လမ်းကြား၊ လမ်း ၆၀ ၌ သစ်ပင်သစ်ကိုင်းများ မြင်မကောင်းအောင် ဖုံးအုပ်ကာ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေနိုင်သည်ကို စက်တင်ဘာ ၂၇ ရက်က မြင်တွေ့ရပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသည့် မိဘပြည်သူများ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ရှင်းလင်းပေးသင့်ကြောင်း လမ်းသူလမ်းသားများက ပြောကြားသည်။ ၅၉၇

# သီတင်းကျွတ်ပွဲတော်အကြို ရောင်စုံမီးပုံး၊ မီးဆိုင်းများ ရောင်းအားကောင်း ဒေသထွက်ရောင်စုံစက္ကူမီးပုံး၊ မီးထွန်းအရုပ်များ ယှဉ်ပြိုင်ရောင်းချ

**မဟာအောင်မြေ အောက်တိုဘာ ၁**

သီတင်းကျွတ်ပွဲတော် နီးကပ်လာသဖြင့် မန္တလေးဈေးကွက်သို့ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ရောင်စုံစက္ကူမီးပုံးများ၊ မီးသီးများ၊ မီးဆိုင်းများ ဝင်ရောက်လာပြီး ဒီဇိုင်းလှပစွာ ပြုလုပ်ထားသော တရုတ်ရောင်စုံစက္ကူမီးပုံးများ၊ မီးသီးများ၊ မီးဆိုင်းများ ပိုမိုလူကြိုက်များကာ ရောင်းအားကောင်းလျက်ရှိကြောင်း မဟာအောင်မြေမြို့နယ်(၈၄)လမ်းရှိ ရောင်စုံစက္ကူမီးပုံးနှင့် ဒေသထွက်မီးထွန်းအရုပ်အရောင်းဆိုင်များမှ သိရသည်။

တရုတ်နိုင်ငံမှ ရောင်စုံမီးပုံးများကို စက္ကူသား၊ ပိတ်သားဖြင့် နှစ်မျိုးထုတ်လုပ်ထားပြီး စက္ကူသားဖြင့် ပြုလုပ်ထားသော ရောင်စုံစက္ကူမီးပုံးများမှာ ကျပ် ၃၀၀ မှ ကျပ် ၂၅၀၀ အထိ ဈေးရှိပြီး ပိတ်သားပေါ် ပန်းချီပုံဖော်ထားသည့် ရောင်စုံမီးပုံးများမှာ ကျပ်၂၀၀၀ မှ ကျပ် ၁၀၀၀၀ အထိဈေးရှိသည်။ မန္တလေးဒေသထွက် ရောင်စုံစက္ကူမီးပုံး၊ မီးထွန်းအရုပ်များမှာ ငွေကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ အထိဈေးရှိပြီး ကလေးများနှစ်သက်ကာ တရုတ်ရောင်စုံစက္ကူမီးပုံး၊ မီးထွန်းရုပ်များနှင့် ယှဉ်ပြိုင်ရောင်းချလျက်ရှိသည်။

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံထုတ် ရောင်စုံ လျှပ်စစ်မီးကြိုး၊ မီးဆိုင်းများလည်း ဝင်ရောက်ပြီး ဈေးနှုန်းမှာ ကျပ် ၁၅၀၀ မှ ကျပ် ၁၈၀၀၀ အထိဈေးရှိကာ ဈေးချိုသော တရုတ်မီးဆိုင်းများကို ဝယ်ယူမှုများပြားကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်သူလူထုနှင့်တွေ့ဆုံ



**ရှားတော အောက်တိုဘာ ၁**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ရှားတောမြို့နယ်ခန်းမ၌ ပြည်သူလူထုတွေ့ဆုံပွဲ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်က နယ်စပ်မြို့နယ်ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးရွာသောက်သုံးရေရရှိရေး လုပ်ငန်းလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်ကောင်းရန်၊ မြင့်မားရန်လိုအပ်နေသေး၍ ကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း၊ ရှားတောမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၄၃ ခုအား ရန်ပုံငွေကျပ် ၁၉၀၅ ဒသမ ၄၀၄ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဌာနဆိုင်ရာများနှင့် ပြည်သူများမှ ရေရှည်တည်တံ့ခိုင်မြဲစေရန် အသိတရားဖြင့် ဝိုင်းဝန်းစောင့်ရှောက် တာဝန်ယူဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာ ၂၃ ခုမှ ပြည်သူများက ဒေသလိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိသူတို့က လက်ရှိဆောင်ရွက်ပေးနေမှု လုပ်ငန်းအခြေအနေများနှင့် ယခုနှစ်အတွင်း ဖြေရှင်းဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ ဆက်လက် လျာထားဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ဖြည့်ဆည်း ရှင်းလင်းဖြေကြားပေးခဲ့သည်။

သီရိဒါးကျေးရွာ အထက(ခွဲ)ကျောင်းလျှပ်စစ်မီး လိုအပ်ချက်ဖြည့်ဆည်းရန်၊ ဒေါ်တနောကျေးရွာ ဆရာ ဆရာမ အဆောင်ပြုပြင်ရန် မြို့နယ်ပညာရေးမှူးရုံးအသုံးပြုရန်အတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ရှားတောမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ အိမ်ထောင်သည်လိုင်းခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ မိသားစုဝင်များနှင့်တွေ့ဆုံပြီး ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရှားတောမြို့နယ် အလယ်ပိုင်းစုစည်းနှင့် မြောက်ပိုင်းစုစည်းရွာချင်းဆက် ကွန်ကရစ်တံတား တည်ဆောက်နေမှုကို လည်းကောင်း၊ ရှားတောမြို့နယ်ခန်းမ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ဒေါ်လဲဒူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ကျောင်းအဝင်လမ်းပြုပြင်ရန်၊ ဆရာမများ အဆောင်လျှပ်စစ်မီး သွယ်တန်းနိုင်ရန်နှင့် ကျောင်းတွင်းသန့်ရှင်းရေးဆောင်ရွက်နိုင်ရန် မြက်ရိတ်စက်အတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ပြီး လွိုင်ကော်၊ ပွန်ချောင်း၊ ရှားတောလမ်းတိုးချဲ့ ဆောင်ရွက်နေမှုများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လူထုတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်ပြန်/ဆက်**

# ပဲခူးတိုင်းဒေသကြီးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကျင်းပ

**ပဲခူး အောက်တိုဘာ ၁**
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက (၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒီမိုကရေစီထူထောင်သည့် ယနေ့ကာလတွင် ဒီမိုကရေစီကျင့်စဉ်နှင့်ကိုက်ညီသည့် ရဲလုပ်ငန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုတည်ဆောက်ခြင်းသည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်အားလုံး၏အရေးအကြီးဆုံးနှင့် ပထမဆုံးဆောင်ရွက်ရမည့်အချက်မှာ ပြည်သူအပေါ် ပြုကျင့်ဆက်ဆံသည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်ကောင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကျင့်ပျက်ခြစားမှု၊ အဂတိတရားလိုက်စားမှုသည် ရဲတပ်ဖွဲ့၏ တရားမျှတစွာထမ်းဆောင်သည့် တာဝန်ဆောင်ရွက်မှုလမ်းကြောင်းကို သွေဖည်စေသည့်အတွက် တပ်ဖွဲ့ဝင်များက အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုမှန်သမျှကို ကိုယ်တိုင်ကျူးလွန်ခြင်းမပြုရုံမျှသာမက ပြင်းထန်စွာဆန့်ကျင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးစိန်လွင်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



အမှတ် (၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးကျော်ဇင် ဦးစီး၍ တပ်ဖွဲ့ဝင်မိသားစု ၅၈ ဦး သည် စက်တင်ဘာ ၂၈ ရက်က သဃ်န်းကျွန်း စံပြဆေးရုံကြီးတွင် (၂၈) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။
ဇေဇ

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၁**
မွန်ပြည်နယ် မော်လမြိုင်မြို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က သက်ကြီးရွယ်အို ဘိုးဘွားမိဘများအပေါ်တွင် စာနာဆပ္ပားတန်ဖိုးထားပြီး ပြုစုစောင့်ရှောက်တတ်သည့် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာကို ပျက်ယွင်းမသွားအောင် စောင့်ထိန်းပေးကြရန် ဘိုးဘွားမိဘများနှင့်အတူ လက်ရည်တစ်ပြင်တည်း စုစည်းနေထိုင်သည့် မိသားစုပေါင်းစည်းနေထိုင်သည့်စနစ်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်၊ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ဘိုးဘွားရိပ်သာများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီပေးကြရန်၊ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်ရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် သက်ကြီးရွယ်အိုများ၏ အရေးပါမှု အခန်းကဏ္ဍကို ပိုမိုမြင့်မားလာအောင် ဆောင်ရွက်ရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်၏ အသီးအပွင့်များကို မိမိတို့၏ ဘိုးဘွားများခံစားနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်လာသော ဧည့်သည်များက အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# နာမည်ကျော် Aston Martin အမှတ်တံဆိပ်မှ ရေငုပ်သင်္ဘောကို စတင်ဒီဇိုင်းရေးဆွဲစမ်းသပ်



ကမ္ဘာ့နာမည်ကျော် အမှတ်တံဆိပ်တစ်ခုဖြစ်သော Aston Martin သည် ဇိမ်ခံကားနှင့် တန်ဖိုးကြီး ပြိုင်ကားများကို ထုတ်လုပ်ခြင်းဖြင့် အောင်မြင်ကျော်ကြားလျက်ရှိနေရာမှ ယခုတစ်ဖန် တန်ဖိုးကြီး ဇိမ်ခံရေငုပ်သင်္ဘောတစ်မျိုးကို ဒီဇိုင်းရေးဆွဲကာ စမ်းသပ်ထုတ်လုပ်နေပြီဖြစ်ကြောင်းသိရသည်။

ရေအောက်တွင် အန္တရာယ်ကင်းစွာ ငုပ်လျှိုးသွားလာနိုင်မည်ဖြစ်ပြီး ငွေကြေးချမ်းသာသူများအတွက် ကိုယ်ပိုင်ရေငုပ်သင်္ဘောငယ်များ ပိုင်ဆိုင်နိုင်မည့် အခွင့်အရေးမျိုးဖြစ်လာနိုင်သည်ဟုသိရသည်။ ဒီဇိုင်းပိုင်းတွင် တန်ဖိုးကြီးကိုယ်ပိုင် ဇိမ်ခံသင်္ဘောငယ်များကဲ့သို့ တည်ဆောက်ပေးသွားမည်ဖြစ်ပြီး လူသုံးဦးမှ လေးဦးအထိလိုက်ပါစီးနင်းနိုင်ရန် ထုတ်လုပ်သွားမည်ဖြစ်သည်ဟုသိရသည်။ Project Neptune ဟုအမည်ပေးထားသော အဆိုပါရေငုပ်သင်္ဘော တည်ဆောက်ရေးလုပ်ငန်းတွင် Aston Martin ၏ ကျွမ်းကျင်လှပစွာဒီဇိုင်းရေးဆွဲနိုင်သော ပညာရှင်များနှင့် Triton ရေငုပ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းမှ ပညာရှင်များ ပါဝင်သည်။

အင်္ဂလန်နိုင်ငံရှိ ငွေကြေးချမ်းသာသူများမှ အဆိုပါ ရေငုပ်သင်္ဘော ပေါ်ထွက်လာမည်ကို မျှော်လင့်စောင့်စားလျက်ရှိနေကြပြီး ချမ်းသာမှုသင်္ကေတတစ်ခုအဖြစ် အပြိုင်အဆိုင်မှာယူသွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။ အဆိုပါရေငုပ်သင်္ဘောကို စတင်စမ်းသပ် ထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိသောကာလဖြစ်ပြီး အောင်မြင်စွာထုတ်လုပ်နိုင်ပါက ၎င်းရေငုပ်သင်္ဘောတွင် ပါဝင်မည့်နည်းပညာများနှင့် ဒီဇိုင်းပိုင်းတို့မှာ အမှန်တကယ် ထွက်ပေါ်လာနိုင်ကြောင်းလည်း Aston Martin မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ALEX**

# စမတ်ဖုန်းဖြင့်ချိတ်ဆက် အသုံးပြုနိုင်မည့် စမတ်ဂျက်ကတ်အင်္ကျီထွက်ပေါ်လာ



စမတ်ဖုန်းများ နည်းပညာအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ ၎င်းတို့နှင့် ချိတ်ဆက်ကာ အသုံးပြုနိုင်သော အသုံးအဆောင်ပစ္စည်းများစွာတို့မှာလည်း တစ်နေ့တစ်မျိုးပေါ်ထွက်လျက်ရှိသည်။ ယခုအခါ Google နှင့် နာမည်ကျော် ဂျင်းအဝတ်အထည်များထုတ်လုပ်သည့်လုပ်ငန်းဖြစ်သည့် Levi's အမှတ်တံဆိပ်တို့ ပူးပေါင်းကာ စမတ်ဖုန်းနှင့်ချိတ်ဆက် အသုံးပြုနိုင်သော ဂျက်ကတ်အင်္ကျီတစ်မျိုးကို ထုတ်လုပ်ရောင်းချလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျက်ကတ်အင်္ကျီကို Levi's Commuter Trucker Jacket ဟု အမည်ပေးထားပြီး ထိတွေ့မှုအာရုံခံစနစ်များ၊ ကြိုးမဲ့ ချိတ်ဆက်မှုစနစ်များပါဝင်သည်ဟု သိရသည်။ Google မှ အဝတ်အစားများတွင် ထိတွေ့မှုဖြင့်အာရုံခံနိုင်သည့် နည်းပညာကိုလွန်ခဲ့သောနှစ်များကတည်းက စမ်းသပ်ခဲ့ပြီး ယခုကာလတွင် Levi's နှင့်ပူးပေါင်းကာ လက်တွေ့ထုတ်လုပ်ရောင်းချလိုက်ခြင်းဖြစ်သည်။

စမတ်ကျလှပသည့် ဂျက်ကတ်ဒီဇိုင်းမျိုးဖြစ်ပြီး စမတ်ဖုန်းဖြင့်ချိတ်ဆက်ကာ ဂျက်ကတ်၏အတွင်းအိတ်တွင် စမတ်ဖုန်းထည့်ထားရုံမျှဖြင့် သွားလိုသည့်နေရာနှင့် လမ်းညွှန်ချက်များအား အသံထွက်ပြောပြစေခိုင်းနိုင်ခြင်း၊ သီချင်းများ ဖွင့်၊ ပိတ်၊ ရပ်ခြင်းများ ပြုလုပ်နိုင်ခြင်း၊ စမတ်ဖုန်းအတွင်း ဝင်ရောက်လာသော အချက်အလက်နှင့် ဆက်သွယ်မှုများကို အသံထွက်ပြောပြစေခိုင်းနိုင်ခြင်းများအပြင် စမတ်ဖုန်းအတွင်းသို့ ဝင်ရောက်လာသော သတိပေးချက်များကို ဂျက်ကတ်တွင် ပါဝင်သော မီးသီးငယ်များမှ ပြသပေးနိုင်ခြင်းများ ပြုလုပ်နိုင်သည်ဟု သိရသည်။

၎င်းစမတ်ဂျက်ကတ်ကို စမတ်ဖုန်းနှင့်ချိတ်ဆက်ကာ ထိတွေ့မှုလုပ်ဆောင်ချက်များကို စမတ်ဖုန်းမှ စိတ်ကြိုက်ပြုပြင် အသုံးပြုနိုင်မည်ဖြစ်ပြီး ထိတွေ့မှုလုပ်ဆောင်သော အခါတွင်လည်း တုန်ခါမှုဖြင့် ပြန်လည်အသိအမှတ်ပြု တုံ့ပြန်နိုင်မည်ဟု သိရသည်။ စက်တင်ဘာ ၂၇ ရက်က အမေရိကန်နိုင်ငံတွင် စတင်ရောင်းချခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင် Levi's အွန်လိုင်းအရောင်းစာမျက်နှာများတွင် အမေရိကန်ဒေါ်လာ ၃၅၀ ဝန်းကျင်ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ ALEX

# မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲဆုရ အငြိမ့်အဖွဲ့များ၏ဖျော်ဖြေပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အပတ်စဉ် ကပြဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲဆုရ အငြိမ့်အဖွဲ့များ၏ ဖျော်ဖြေပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အပတ်စဉ် ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း ဖျော်ဖြေရေးဆောင်ရွက်မည့် တာဝန်ရှိသူ ကိုသူရ(ဇာဂနာ) ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်တိုဘာ ၂ ရက်တွင် စတင်ကျင်းပမည့် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်မှစတင်၍ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် သင်္ကြန်မတိုင်မီကာလအထိ ကပြဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး အပတ်စဉ် သောကြာနှင့် စနေနေ့တွင် အငြိမ့်ပွဲ နှစ်ပွဲကို အငြိမ့်အဖွဲ့နှစ်ဖွဲ့မှ မြို့နယ်နေရာ နှစ်နေရာတွင် ကပြဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ ထို့အတူ မန္တလေးမြို့တွင်လည်း လာမည့်အောက်တိုဘာလဖြစ်သော တန်ဆောင်တိုင်ပွဲတော်ကာလမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကပြဖျော်ဖြေတင်ဆက်သကဲ့သို့ပင် ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲဆုရ အငြိမ့်အဖွဲ့များ၏ ပွဲစီစဉ်သူ ဇာဂနာက "သေချာတာကတော့ အငြိမ့်ဆိုတာ ပျောက်ကွယ်ခဲ့ရပါတယ်။ ပြည်သူတွေ နှစ် ၃၀ လောက် အငြိမ့်မကြည့်ခဲ့ရပါဘူး။ ဒါကြောင့် အငြိမ့်ပွဲ တွေကို လူငယ်တွေဆီအရောက်ပို့ဖို့က ကျွန်တော်တို့ တာဝန်ပါ။ ကျွန်တော်တို့ကလည်း ဒီအငြိမ့်လောကထဲက ကြီးပြင်းလာတာဆိုတော့ ကျွန်တော့်အနေနဲ့ လူငယ်တွေဆီ အရောက်ပို့ချင်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် ငယ်ငယ်တုန်းက ပန်းဆိုးတန်းလမ်းမနဲ့ တရုတ်တန်းမှာ လမ်းပိတ်ပြီး ကခဲ့ရတာပါ။ ခုတော့ အဲဒီလိုမျိုးပွဲတွေ မရှိတော့ဘူးလေ။ မရှိသမျှကာလပတ်လုံး လူတွေက စိတ်ဝင်စားကြမှာ မဟုတ်ဘူး။ ခုဆို ပြည်သူတွေက စိတ်ဝင်စားလာကြပါပြီ။ အမျိုးသားဇာတ်ရုံမှာဆို လာကြည့်တဲ့သူတွေက လူငယ်တွေချည်းပါပဲ။ ဒီတော့ စိတ်ဝင်စားလာကြတဲ့အရှိန်ကို ဒီအချိန်မှ အသုံးမချရင်တော့ အငြိမ့်လောကက ပျောက်ကွယ်သွားမှာပါ။ ခုလို ကိုယ့်အားကိုယ်ကိုးပြီး ပြန်လုပ်တဲ့အငြိမ့်ပွဲတွေကို ပြည်သူတွေ စိတ်ဝင်စားလာလို့ ကျွန်တော့်အနေနဲ့ ပျော်ရွှင်မိပြီး ကျေနပ်မိပါတယ်။ အငြိမ့်ပွဲတွေကို ပြည်သူတွေ ဒီထက်ပိုပြီးစိတ်ဝင်စားလာအောင် ထပ်လုပ်ရပါဦးမယ်။ ခုဆို စီးပွားရေးလုပ်ငန်းရှင်တွေကလည်း အငြိမ့်ပွဲများ ကပြဖျော်ဖြေဖို့ ဝိုင်းဝန်းကူညီပံ့ပိုးနေကြပါတယ်။ နောက်နှစ်ကျရင်တော့ နောက်ထပ်အငြိမ့်ပွဲတွေ ထွက်လာပါလိမ့်ဦးမယ်"ဟု ပြောသည်။

Nation Light ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးရောဘတ်လွင်ရန်နိုင်က "ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီးကပါ။ ကျွန်တော့်လုပ်ငန်းဘတ်ဂျက်တစ်ခုကနေ အလှူအတန်းလေးလုပ်ချင်လို့ နိုင်ငံအတွက် တစ်ဖက်တစ်လမ်းက ဘယ်လိုပါဝင်လို့ရမလဲဆိုပြီး ဦးဇာဂနာနဲ့ ဝန်ကြီးချုပ်တို့နဲ့ချိတ်မိပြီး ဒီလိုဆုရအငြိမ့်အဖွဲ့တွေရဲ့ ဖျော်ဖြေပွဲတွေရှိလို့ ပါဝင်လှူဒါန်းဖြစ်တာပါ။ ဒီအစီအစဉ်ကိုလည်း သဘောကျပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိ ပရဟိတအလုပ်တွေကို တစ်ပိုင်တစ်နိုင်လုပ်နေသလို နောင်လည်း လုပ်သွားဖို့အစီအစဉ်ရှိပါတယ်"ဟု ပြောသည်။

အဆိုပါ မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲဆုရ အငြိမ့်အဖွဲ့များ၏ဖျော်ဖြေပွဲများအတွက် Nation Light ကုမ္ပဏီလီမိတက်နှင့် မင်္ဂလာရုပ်ရှင်ရုံများအုပ်စုတို့မှ ပါဝင်ကူညီပံ့ပိုးခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း



မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ဆုရအငြိမ့်အဖွဲ့ဖြစ်သော "ဇွဲအငြိမ့်"အဖွဲ့သားများကိုတွေ့ရစဉ်။

သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလများတွင် မြန်မာ့ရိုးရာမပျက် အငြိမ့်ပွဲများ ကပြဖျော်ဖြေနိုင်ရေးအတွက် Nation Light ကုမ္ပဏီလီမိတက်က ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ဖျော်ဖြေရေးဆောင်ရွက်မည့် တာဝန်ရှိသူ ဇာဂနာထံ စက်တင်ဘာ ၂၈ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ လာမည့် အောက်တိုဘာလမှစတင်၍ ဆုရရှိပြီး အငြိမ့်အဖွဲ့များဖြစ်သော သီးလေးသီးအငြိမ့်နှင့် ဟားငါးကောင်အငြိမ့်တို့ကလည်း တစ်လလျှင် လေးပွဲနှုန်းဖြင့် မြန်မာနိုင်ငံအနှံ့ ကပြဖျော်ဖြေ တင်ဆက်သွား မည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့ဒီမိုကရေစီအငြိမ့် ပြိုင်ပွဲဆုရ အငြိမ့်အဖွဲ့များမှ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကိုကိုးကျွန်းတွင်လည်း လာမည့်ဒီဇင်ဘာလ၌ သုံးရက်တာ ကပြ ဖျော်ဖြေတင်ဆက် ရန် စီစဉ်ထားကြောင်း သိရသည်။

**(ပွင့်သစ္စာ)**



# ကမ္ဘာကြီးပြားကြောင်း သက်သေပြချင်တဲ့ B. o. B

'Nothin' on You' တေးသီချင်းရဲ့တေးသံရှင် B. o. B ကတော့ လတ်တလောမှာ သူ့ရဲ့ ပရိသတ်တွေဆီက အလှူငွေတွေကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ကောက်ခံနေတာဖြစ်ပါတယ်။ အကြောင်းကတော့ သူဟာ ကိုယ်ပိုင်ဂြိုဟ်တုတစ်လုံးကို လွှတ်တင်သွားဖို့ ဆန္ဒရှိနေတာဖြစ်ပြီး ဒီလိုလွှတ်တင်ချင်ရတဲ့အကြောင်းအရင်းကတော့ ကမ္ဘာကြီးဟာ အများလက်ခံထားသလို လုံးဝန်းနေတာမဟုတ်ဘဲ ပြားနေတယ်ဆိုတာကို သက်သေပြလိုတာဖြစ်တယ်လို့လည်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက B.o.B ဟာ YouTube ပေါ်မှာ ဗီဒီယိုတစ်ခုကို ဖော်ပြခဲ့တာဖြစ်ပြီး ယင်းဗီဒီယိုမှာ သူဟာ ရန်ပုံငွေတစ်ရပ်ထူထောင်နေကြောင်း၊ ဂြိုဟ်တုတစ်ခု ဒါမှမဟုတ် တစ်ခုထက်ပိုတဲ့ဂြိုဟ်တုတွေကို သူတတ်နိုင်သမျှ အရေအတွက်များများ အာကာသထဲ၊ ဂြိုဟ်ပတ်လမ်းထဲပို့လွှတ်ကာ ကမ္ဘာကြီးရဲ့ မျဉ်းကွေးကိုရှာဖွေလိုတာဖြစ်ကြောင်း ပြောကြားခဲ့တာတွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းက B.o.B က ကမ္ဘာကြီးဟာပြားကြောင်း အဆိုပြုထားတဲ့ တေးသီချင်းတစ်ပုဒ်ကို သီဆိုထုတ်လွှင့်ခဲ့တာကြောင့် အာကာသပညာရှင်တစ်ဦးနဲ့ အငြင်းအခုံတွေဖြစ်ခဲ့ပါတယ်။ သူ့ရဲ့အဆိုပြုချက်ကိုထောက်ပံ့ဖို့အတွက် B.o.B က နေဝင်ဆည်းဆာမှာ နေရောင်ခြည်ကိုကျောခိုင်းကာ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကိုဖော်ပြခဲ့ပြီး သူ့ရဲ့အဆိုနဲ့ပတ်သက်ပြီး ရှင်းလင်းပေးဖို့အတွက် ပရိသတ်တွေကို တောင်းဆိုခဲ့ပါတယ်။

ဒါ့အပြင် B.o.B က သမိုင်းရဲ့ အကြီးကျယ်ဆုံးသော လိမ်လည်သူတွေကို ထုတ်ဖော်ဖို့အတွက် သူဟာ ရှေ့ဆက်လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ B.o.B က သူဟာ လမှာ ကိုယ်ပိုင်အလင်းရောင်ရှိတယ်လို့ ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

## ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

# သဘောထားကြီးတဲ့ တေလာဆွစ်





ဘေဘုတ်ရဲ့အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းမှာ ပြီးခဲ့တဲ့ သီတင်းပတ်အထိ နံပါတ်တစ်နေရာကိုရယူထားခဲ့တဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်က လက်ရှိမှာ နံပါတ်တစ်နေရာမှ ဆင်းခဲ့ရကာ သုံးနေရာမှာသာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒီလိုအဆင့်ကျသွားခဲ့တဲ့ တေလာဆွစ်က သူ့ကိုကျော်တက်ကာ နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ တေးသံရှင် ကာဒီဘီကို ဂုဏ်ယူဝမ်းမြောက်ကြောင်းစာနဲ့အတူ ပန်းစည်းပေးပို့ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် တေလာဆွစ်ဟာ သဘောထားကြီးသူတစ်ဦးဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၆ ရက်မှာတော့ ကာဒီဘီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တေလာဆွစ်ပေးခဲ့တဲ့ ပန်းတွေနဲ့အတူ တေလာဆွစ် ရေးသားပေးပို့လာတဲ့စာကို ဖော်ပြတဲ့ ဗီဒီယိုဖိုင်တစ်ခုကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဗီဒီယိုဖိုင်ရဲ့ အောက်ခြေမှာတော့ ပန်းတွေဟာ တကယ်ကိုလှပပြီး ချစ်စရာကောင်းကြောင်းနဲ့ တေလာဆွစ်ကို ကျေးဇူးတင်ကြောင်း၊ သီချင်းတွေကို အားပေးနေကြောင်းလည်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ကာဒီဘီဟာ လတ်တလောမှာတော့ ယခုနှစ်အတွက် ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသောတေးသီချင်း ၁၀၀ စာရင်းမှာ သူ့ရဲ့တေးသီချင်းသစ် "Bodak Yellow" နဲ့ ထိပ်ဆုံးမှာ နေရာရလာခဲ့တာဖြစ်ပြီး ယခင်ကတော့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ တေးသီချင်း "Look What You Made Me Do" က ထိပ်ဆုံးမှာ ရပ်တည်နေခဲ့တာလည်းပါတယ်။

**အေးပြည့် စုစည်းသည်**




ဗြိတိန်ပေါ့ပ်ကြယ်ပွင့် ဟယ်ရီစတိုင်ဟာ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ကမ်မီလာရိုဝီနဲ့ ယခုနှစ်အစပိုင်းကတည်းက သတင်းတွေ ထွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာ အသက် (၂၃)နှစ်ရှိပြီဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်ကို ကမ်မီလာနဲ့ အတူတွဲကာ စားသောက်ဆိုင်တစ်ဆိုင်မှာ တွေ့ခဲ့ရပါတယ်။ ဒီလိုတွေ့ရာမှာတော့ ဟယ်ရီက ကမ်မီလာရဲ့အိတ်ကိုကိုင်ဆောင်ပေးထားတာကို တွေ့ခဲ့ရတာကြောင့် ဟယ်ရီကို ချစ်သူအပေါ် ကြင်နာတတ်တဲ့ ယောကျာ်းကောင်းပီသသူတစ်ဦးအဖြစ် မစ်ရာဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ လော့စ်အိန်ဂျလိစ်က စားသောက်ဆိုင်တစ်ဆိုင်အတွင်းဝင်လာတဲ့ ဟယ်ရီစတိုင်နဲ့ ပြင်သစ်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ကမ်မီလာတို့ကို တွေ့ခဲ့ရတာဖြစ်ပြီး နှစ်ဦးသား ညစာအတူစားခဲ့ကြတာလည်းဖြစ်ပါတယ်။ နှစ်ဦးသားဆက်ဆံရေးဟာလည်း လတ်တလောမှာတော့ ပိုမိုရင်းနှီးခိုင်မာလာပုံပေါ်နေကြောင်းလည်း သိရပါတယ်။

သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြကြောင်း ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဟယ်ရီစတိုင်က လတ်တလောမှာ အသက် (၂၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကမ်မီလာရိုဝမ်နဲ့ သူ့ရဲ့ဆက်ဆံရေးကို လျှို့ဝှက်ထားလိုတာလည်းဖြစ်ပါတယ်။ သတင်းတွေ စတင်ပေါ်ထွက်လာချိန်ကတည်းက ဟောလိဝုဒ်မီဒီယာတွေက ချစ်သူတွေဖြစ်နေကြောင်း ရေးသားဖော်ပြခဲ့ကြပေမယ့် ဟယ်ရီဘက်က တရားဝင်ဝန်ခံတာမျိုးမရှိခဲ့တဲ့အပြင် မေးမြန်းခဲ့ရာမှာလည်း ငြင်းဆိုခဲ့တာတွေ့ရပါတယ်။ ကောလာဟလတွေ စတင်ပေါ်ထွက်ချိန်ကစလို့ ယနေ့အချိန်အထိ နှစ်ဦးအကြားက ဆက်ဆံရေးကို လျှို့ဝှက်ထားဖို့ ကြိုးစားခဲ့တာလည်း ဖြစ်ပါတယ်။







အောင်မြေ(စေတနာ)
အကျိုးဆောင်လုပ်ငန်း

- ကမာရွတ်၊ သံလွင်လမ်း၊ MBR-4 (80×60)2RC 14000.L
- ရန်ကင်း၊ဘောက်ထော် (60×90) မြေ 6600.L
- မ/ဥ၊သုဓမ္မာလမ်းမပေါ် (40×60) မြေ 5700.L
- သုဝဏ္ဏ၊ VIP (60×90) မြေ 3800.L
- ရန်ကင်း၊ပါရမီရိပ်သာ–VIP (55×60) မြေ 3200.L
- မရက၊(၉)မိုင်၊(ဂေါက်ကွင်းနီး) (60×62) မြေ 3200.L
- အင်းစိန်၊သီရိမင်္ဂလာလမ်းသန့် (80×80) မြေ 2600.L
- သာကေတ၊မြခွာညို၊အိမ်ရာ (73×55) မြေ 2500.L
- တ/ဒဂုံ၊မောင်းမကန်လမ်းမပေါ် (40×60) မြေ 2300.L
- သာကေတ၊ရတနာအိမ်ရာ-VIP (75×75) မြေ 1900.L
- ချမ်းသာရွှေပြည်အိမ်ရာ (75×75) မြေ 1800.L
- မင်္ဂလာဒုံ၊အမှတ်(၃)လမ်းသန့် (100×100) မြေ 1400.L
- ရက၊ပါရမီရိပ်သာ၊M-1,B-3,AC-3 (40×60)2½RC 14.L

"အိမ် ခြံ မြေ များအား အပ်နှံ ပေးရန် ဖိတ်ခေါ်ပါသည်"
09-5080073, 09-422888853, 09-422888852

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်း/အမှတ် (၁၉၉၀/ချောင်းသာ)၊ ဦးပိုင်အမှတ်(ဇ-၄၁)၊ ဧရိယာ(၀. ၁၆၅)ဧကရှိ နော်အဲလီထူး အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှျပ်စစ်လမ်းသွယ်၊ (၇)ရပ်ကွက်၊ ချောင်းသာကျေးရွာအုပ်စု၊ ရွှေသောင်ယံမြို့၊ Elly Beach Villaဟုခေါ်တွင်သော တည်းခိုခန်း/ဘော်ဒါဆောင်လိုင်စင်ပါ အဆောက်အအုံများ၊ လုပ်ငန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို နော်အဲလီထူး[၁၂/အစန(နိုင်)၀၁၂၈၅၇]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နွယ်နီပွင့်ခိုင်က အပြီးအပိုင် ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းများနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြေညာသည့်နေ့မှ(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏တရားဝင် အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မိုး**
**(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၂၁၇)**
**ဖုန်း-၀၉-၇၃၀၂၆၆၁၄၊ ၀၉-၄၂၁၀၆၆၄၅၉**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်နီနီဝင်း | ၁၂/မရက(နိုင်)၁၂၅၅၆၂ | ၁၃၇၊ ဝန်ထမ်းကြီးအလယ်လမ်း၊ ၁၅-ရပ်ကွက်၊ လှိုင်သာယာ | ရလဗ-၂၈ | ၁၃၇ | ဦးစိုးတင့် |
| ၂ | ဦးဘသန်း | ၁၂/ဗတထ(နိုင်)၀၀၇၄၅၄ | ၁၀၉၂၊ ရွှေတိုလမ်း၊ ၁၃-ရပ်ကွက်၊ ရွှေပြည်သာ | ၄၇ | ၁၀၉၂ | ဦးခင်ဖေဦး |
| ၃ | ဒေါ်မြသန်းဝင်း | ၁၂/ကမတ(နိုင်)၀၂၄၈၂၇ | ၄၇၃၊ ရတနာမိုးလမ်းသွယ်၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ | ၃၆ | ၄၇၃ | Dr. ဦးမင်းဆွေ |
| ၄ | ဒေါ်လှလှဝင်း+၁ | ၁၃/သမန(နိုင်)၀၀၇၅၆၉ | က/၂၈၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန် | ၃၉၉/က | ၇၂/C-၁ | ဒေါ်ငွေဝါရွှေ |
| ၅ | ဦးတင်ဝင်း | ၁၂/ဥကမ(နိုင်)၀၄၁၅၁၈ | ၂၈ ဒီ၊ မြရတနာ(၁၀)လမ်း၊ ခ-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ခ | ၂၈ဒီ | ဦးကျော်လှ |
| ၆ | ဦးအိုက်မောင် | ၁၃/လရန(မြ)၀၀၀၀၅၁ | ၂၅၊ မင်းရဲကျော်စွာ(၅)လမ်း၊ ၃-ရပ်ကွက်၊ လှိုင်သာယာ | ၁ | ၂၅ | ဦးအမောက်တုဆောင်း |
| ၇ | ဒေါ်တင်ဥမ္မာခိုင် | ၈/ဆမန(နိုင်)၀၀၀၇၇၈ | ၃၂၀+၃၂၃၊ ချင်းတွင်းလမ်း၊ ၅-ရပ်ကွက်၊ လှိုင်သာယာ | ၄/၆ | ၃၂၀+၃၂၃ | ဦးကိုကိုမောင် |
| ၈ | ဦးငြိမ်းချမ်း | ၁၂/ထတပ(နိုင်)၀၇၇၄၈၅ | ၄၉၉-က၊ အောင်မေတ္တာလမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ | သကတ-၁ | ၄၉၉/က | ဦးတင် |
| ၉ | ဒေါ်ငွေငွေဝင်း | ၁၂/လသယ(နိုင်)၀၆၀၄၆၇ | ၃၂၄/က+၃၂၅/ခ၊ ဈေးသစ်လမ်း၊ ညောင်ကျေးရွာအုပ်စု၊ လှိုင်သာယာ | သကတ-၁၀ | ၃၂၄/က+၃၂၅/ခ | ဒေါ်ဝင်းဝင်းစန်း |
| ၁၀ | ဦးမွန်ကနု(ခ)ဦးလှမောင် | ၁၂/လမန(နိုင်)၁၁၉၆၆၃ | ၈၊ မဟာဗန္ဓုလလမ်းနှင့်နဝဒေးလမ်းထောင့်၊ ၂-ရပ်ကွက်၊ လှိုင်သာယာ | ၈ | ၈ | ဦးလှိုင်မြင့် |
| ၁၁ | ဦးဝင်းဇော်မြင့် | ၁၄/ရကန(နိုင်)၀၈၆၉၉၆ | ၂၆၀/ခ၊ ဇေယျာသီရိ(၃)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၁၃ | ၂၆၀/ခ | ဒေါ်သက်ထက်အေး |
| ၁၂ | ဒေါ်စန်းစန်းချို | ၁၂/ဥကမ(နိုင်)၀၇၇၉၈၀ | ၂၇၃-ခ၊ ဗိုလ်အောင်ကျော်လမ်း၊ ၁၄-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၇ | ၉/က | ဒေါ်သိန်း |
| ၁၃ | ဒေါ်အောင်မေ | ၁၂/လသယ(နိုင်)၀၅၂၁၈၁ | ၈၂၂/က+ခ၊ ထေင်ငယ်လမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၁၇ | ၈၂၂/က၊ ၈၂၂/ခ | ဦးအောင်မောင်၊ ဦးသိန်းထွန်း |
| ၁၄ | ဒေါ်စောနှင်းနု | ၅/ဗမန(နိုင်)၀၃၆၉၅၇ | ၁၇၄၊ ဗိုလ်ချုပ်လမ်း၊ ၂-ရပ်ကွက်၊ လှိုင်သာယာ | ၈ | ၁၇၄ | ဒေါ်ခင်အေး |
| ၁၅ | ဦးသန်းမြင့် | ၁၄/ပေတ(နိုင်)၀၂၄၀၆၁ | ၂၃၄-က၊ အနော်ရထာလမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၃ | ၂၃၄/က | ဒေါ်ချို |
| ၁၆ | ဒေါ်စန်းဦး | ၈/ပမန(နိုင်)၀၈၆၅၀၀ | ၁၃၆၇-ခ၊ ကံ့ကော်(၂)လမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ | ၄၈ | ၁၃၆၇/ခ | ဦးလှဝေ |
| ၁၇ | ဦးသန်းထွန်းဦး | ၃/ကကရ(နိုင်)၀၅၆၅၀၃ | ၂၈/A၊ အနီယာလမ်း၊ ၁၅-ရပ်ကွက်၊ ရန်ကင်း | ၄/ကံဘဲ့ | ၄၄/C-၁ | ဒေါ်သင်းသင်းသွယ်(ခ)ဒေါ်ခင်သန်းဝင်း |
| ၁၈ | ဒေါ်အေးအေးခိုင် | ၁၂/ဗဟန(နိုင်)၀၆၄၃၈၂ | ၂၇/B၊ အောင်ရတနာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၅/သမိုင်း | ၁/က | ဒေါ်ကြင်စိန် |
| ၁၉ | ဒေါ်ရွှေရွှေဝါ | ၁၂/မရက(နိုင်)၁၀၃၂၈၀ | ၂၃၊ အောင်ရတနာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၅/သမိုင်း | ၁/က | ဒေါ်ကြင်စိန် |
| ၂၀ | ဒေါ်ကြည်ကြည်ခိုင် | ၁၂/အစန(နိုင်)၀၉၂၆၅၃ | ၇၄၈၊ အောက်မင်္ဂလာဒုံလမ်း၊ စဉ့်ဌရပ်ကွက်၊ အင်းစိန် | ၄၀၀/B | ၇၀ | မောင်တင်လှိုင်၊ မတင်ဝင်း၊ မောင်တင်စိုး(အုပ်ထိန်းသူ)အုံးကြည် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


MAX CEMENT
" ချစ်သူခင်သူမိသားစု အပေါင်းနှင့် ဆီမီးလေးတွေ ထိန်ထိန်ထွန်းညှိကာ ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြပါစေ "
Let's Build Together !
မက်စ်ဘိလပ်မြေတိုက်ရိုက်ဝယ်ယူရရှိနိုင်သော နေရာများ
လိပ်စာ (၁)
အမှတ် ၅၂၈၊ ရာကျော်လမ်း မြို့သစ်ရပ်ကွက်၊ မြို့သစ်ဈေးအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
လိပ်စာ (၂)
ပျဉ်းမနား - တောင်ညိုလမ်း၊ စည်ပင်ဧည့်ရိပ်သာရှေ့၊ ရွှေကြာပင်ရပ်ကွက်၊ နေပြည်တော်မြို့။
လိပ်စာ (၃)
တောင်ဖီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်မြို့။
PORTLAND CEMENT
MAX CEMENT
SALES HOTLINE 09 770 770 770
TECHNICAL HOTLINE 09 960 960 560


တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက် . . . . .
မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?
Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?
ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြပါစို့ !
IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏
IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည် " Only One School in Myanmar "
IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်
Japan Style Education
System Creator Course ( 2 years Course )
2017 ခုနှစ်
December Intake တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ
METRO
IT & Japanese Language Centre
IT Course Seminar ( ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ )
Date : 7th - October - 2017 ( Saturday )
Time : 1:00 pm to 3:00 pm
Place : Metro IT & Japanese Language Centre
Seminar လာရောက်ကြသော ကျောင်းသားကျောင်းသူများအတွက် IT နည်းပညာနှင့်ပတ်သက်သော Free Trial Lecture များကိုလည်း တက်ရောက်သင်ယူနိုင်ရန် စီစဉ်ထားရှိပါသည်။
စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင် စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။
01-372691, 01-372610, 09-976334160
Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
www.facebook.com/metrogroupmyanmar




လူကြီးမင်းတို့၏ တန်ဖိုးရှိသော အားလပ်ရက်များအတွက် BEAUTIFUL MEMORIES TRAVELS & TOURS မှ လှပဆုံးသော ခရီးစဉ်များ။

ဗုဒ္ဓဂယာခရီးစဉ် (၇ည/၈ရက်) 4 Star ဟိုတယ်ငှ/တား အစီအစဉ်
အောက်တိုဘာ - 3 ~ 10 (သီတင်းကျွတ်လပြည့်နေ့အပါအဝင်)
အောက်တိုဘာ - 28 ~ 04 နိုဝင်ဘာ (တန်ဆောင်တိုင် လပြည့်နေ့အထိ)

ဥရောပ(၃)နိုင်ငံခရီးစဉ်(၁၀ည/၁၁ရက်) (ပြင်သစ် – ဆွစ်ဇာလန် – အီတလီ)
နိုဝင်ဘာ - 1~11 ဧပြီ - 9~19

ဂျပန် ခရီးစဉ် (၆ည/၇ရက်) နိုဝင်ဘာ - 2~7 ဒီဇင်ဘာ - 2~8
အိုဆာကာ – ကျိုတို – ဟာခိုးနဲ – ဖူဂျီ – ကာဝါဂူချိ – တိုကျို

ဗီယက်နမ် မြောက်ပိုင်း ခရီးစဉ် (၄ည/၅ရက်) ဟနွိုင်း / ဟာလောင်း – နင့်ဘင်
အောက်တိုဘာ - 6 ~10 နိုဝင်ဘာ - 15 ~19

ဗီယက်နမ် တောင်ပိုင်း ခရီးစဉ် (၄ည/၅ရက်) ဟိုချီမင်း – ဝွေ – ဒါလတ်
အောက်တိုဘာ - 6 ~10 နိုဝင်ဘာ - 2 ~ 6

တရုတ်ပြည် ခရီးစဉ် (၆ည/၇ရက်) ရှန်ဟိုင်း – ပေကျင်း
နိုဝင်ဘာ - 2 ~ 8

ပြည်ပခရီးသွားလိုင်စင်အမှတ် (ပခ – ၀၀၀၁)

Phone: 09 97 507 9933, 09 7311 9933, 09 507 9933
သျှိုသာသော ဈေးနှုန်း.... အဆင့်မြင့် Quality များဖြင့် ခရီးစဉ်အားလုံးကို 4 Star Hotel များဖြင့်သာ အသုံးပြုထားပါသည်။


## ရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာန
## ၁၉၈၆–၁၉၉၄ (မတ်) ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၈၆ (ဒီဇင်ဘာ) မှ၁၉၉၄ (မတ်) ထိရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများပြန်လည်ဆုံတွေ့ကြရန်အတွက် မပျက်မကွက် တက်ရောက်ကြပါရန်နှင့်စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆက်သွယ်ပါဝင်လှူဒါန်း ပေးကြပါရန် အသိပေးနှိုးဆော် ဖိတ်ကြား အပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)
ကျင်းပမည့်နေရာ – ရာမညဓဆောင်မြက်ခင်းပြင် (ရန်ကုန်တက္ကသိုလ်)
ကျင်းပမည့်အချိန် – ညနေ (၃ :၀၀) နာရီ

ဆက်သွယ်ရန်

| မန္တလေး | ရန်ကုန် | နေပြည်တော် |
|---|---|---|
| ၁။ ချောချောယဉ် - ၀၉ ၂၀၁၃၃၁၄ | ၁။ အောင်မိုး - ၀၉ ၅၀၀၇၉၅၀ | ၁။ အောင်ကျော်မိုး - ၀၉ ၂၅၀၂၀၅၀၁၄ |
| ၂။ မော်မော်ဝင်း - ၀၉ ၄၃၁၀၂၄၉၆ | ၂။ မြင့်အောင် - ၀၉ ၅၀၇၁၁၈၁ | ၂။ လှဲလှဲခိုင် - ၀၉ ၂၅၀၁၂၆၀၆ |
| ၃။ သစ်ဦးလှိုင် - ၀၉ ၂၀၄၃၆၁၅ | ၃။ တင်မင်းဦး - ၀၉ ၄၂၁၀၈၁၇၀၃ | ၃။ တင်တင်လှ - ၀၉ ၂၅၀၈၉၁၁၆၇ |

ဆက်သွယ်လှူဒါန်းရန် ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ် – 060-302-06004465101(Daw Khin Pyie+2)
(သူငယ်ချင်းများပြန်လည်ဆုံတွေ့ကြရန်အတွက် မပျက်မကွက်တက်ရောက်ကြပါရန်။)

အာစရိယပူဇော်ပွဲပြစ်မြောက်ရေးကော်မတီ


## Individual Skill Development Center

Individual Skill Development Center

**Corporate and Commercial Law Diploma Course**

Course Duration : (6) months
Price : 1 month 75 USD
Time : 3:00 PM - 4:30 PM
Saturday & Sunday

သီတင်းကျွတ်
အထူး Promotion
1 month 75 USD
ဖြင့် အရစ်ကျ လက်ခံနေပါပြီ။



Lecturer:
U Aye Kyaw
Judicial Officer (Retired)

BRITISH COUNCIL
ENGLISHUK

- Carriage of Goods by Seas
- International Trade
- Double Taxation System (Myanmar Vs International Countries)
- Tax
- Land Law
- Employment Law
- Myanmar & China Commercial Agreement
- Investment Protection Agreement between EU & Myanmar
- ASEAN & China Trade
- Arbitration & New York Convention

151, Yaw Gi Kyaung St, Hlaing Tsp, GF, Closely MICT Park, Than Lan bus stop.
Email : isdc008@gmail.com ; Contact Phone : 09-420246863, 09954202468



Yum Yum® ဟီးဟီး Premier

(၁) ပတ်လျှင် (၁)သိန်းဆု (၇၀)ဆုထိ ကံစမ်းပေးမှာမို့ အမြန်ဆုံး Register လုပ်ကြရအောင်

For Android - Download on Google play တွင် Lucky Yum Yum ဟုရိုက်ထည့်ပြီး Install လုပ်၍ Register ပြုလုပ်ကံစမ်းနိုင်ပါသည်။

For iOS - Download on the App Store တွင်လည်း Lucky Yum Yum ဟုရိုက်ထည့်ပြီး Install လုပ်၍ Register ပြုလုပ်ကံစမ်းနိုင်ပါသည်။

Website registration - lucky.yumyummyanmar.com သို့ သွားရောက်၍ တိုက်ရိုက် Register ပြုလုပ်နိုင်ပါသည်။

Promotion အစီအစဉ် အသေးစိတ်ကို www.yumyummyanmar.com တွင်ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။




၁၈.၉.၂၀၁၇ ရက်နေ့မှ ၂၅.၉.၂၀၁၇ ရက်နေ့ထိ တစ်သိန်းဆု ကံထူးသည့် နံပါတ်များစာရင်း

| | | | | |
|---|---|---|---|---|
| 49335302435365 | 18607113252652 | 31814546623883 | 56385913040436 | 32747535656793 |
| 49002857902065 | 39414024123464 | 56335324435336 | 32640268385693 | 33676979059604 |
| 20189068170272 | 31232468505283 | 17183780910242 | 47387035150445 | 35139457575124 |
| 49551613796565 | 44550346486515 | 24898535661913 | 31770413588783 | 23741924006703 |
| 48012913013055 | 45208579662225 | 51746946056785 | 50307357452375 | 25391135290423 |
| 13565180338502 | 34254268327214 | 33540991195504 | 16447868956432 | 34519557673514 |
| 20306980152372 | 50310168282375 | 49003657712065 | 23412946013403 | 57554313427546 |
| 34255057137214 | 50310157282375 | 18952279307952 | 21158768867182 | 50563268318575 |
| 31849679776883 | 34669902088614 | 15264268328222 | 32366757848393 | 34939246375914 |
